(နဲ) ဆိဒ္ဒယတီတိ ဆိဒ္ဒံ။ ဆိဒ္ဒ+အ။[၃]

နတ္ထိ ဆိဒ္ဒံ ဧတိဿာတိ အစ္ဆိဒ္ဒါ။ ဝတ္တနံ ဝုတ္တိ။ ဝတု+တိ။ ဓာတွတ္ထ၌
"ဝတ္တု"ဓာတ် ဟု ရှိ၏။ သိက္ခာ စ ဝုတ္တိ စ ဝုတ္တိ။ သိက္ခာပုဒ်ချေ။
အစ္ဆိဒ္ဒါ ဝုတ္တိ ယဿာတိ အစ္ဆိဒ္ဒဝုတ္တိ။ (တံ)

ဂိုဏ်းစဉ်လိုက သာရမတိနော-ကဲ့သို့ ယောဝိဘတ်တို့အရာ၌
နော ပြု၍ "အစ္ဆိဒ္ဒဝုတ္တိနော" ဟုရင်း၊ တမာဟု ဇော် မုနိန် စရန္တံ-
(ခု-၁၊ ၃၀၉)ကဲ့သို့ အံ ကို နံ ပြု၍ "အစ္ဆိဒ္ဒဝုတ္တိနံ"ဟုရင်း ရုပ်ပိုထည့်
၍ အကြွင်းကို "အဂ္ဂနိ" ရုပ်မှတစ်ပါး ပုံလိင် အဂ္ဂိသဒ္ဒါကို နည်းမှီစဉ်။

ပညာသီလသမာဟိတံ= ပညာ စ သီလံ စ ပညာသီလံ။

လောကီ လောကုတ္တရာပညာနှင့် စတုပါရိသုဒ္ဓိသီလ။

သမ္မာ အာဒဟတိ ဌပေတီတိ သမာဟိတော။ ဘိက္ခု။[၄]

(နဲ) သမ္မာ အာဒဓာတီတိ သမာဟိတော။ သံ-အာ-ဓာ+တ။

ပညာသီလေန သမာဟိတော-တော။

နိက္ခံ= နိကနတိ ဒိပ္ပတီတိ နိက္ခော။ နိ-ကန+အ၊ န ကို ခ ပြု။
နိက္ခသဒ္ဒါ ပုံ, နပုံလိင်။ ငါးသုဝဏ်(ရွှေတစ်ထောင်)အလေးချိန်ကို
တစ်နိက္ခဟု ခေါ်၏။[၅]

(နဲ) နိ-ကန+ဒိတ္တိ ဂတိ ကန္တီသု၊ ခပစ္စည်း၊ နိပုဗ္ဗော, အန်ဘာဂလောပေါ်၊
ကာ၏အနှင့် နတို့ကို ချေ။[၆]

---

၁။ကစ်-၆၆၁။ ၂။မောဂ်-၇၊၉၅။ ၃။ပန်း။ ၄။အံသျှ-၃၊၅၉၈။ ၅။ဓာန်-၄၈၀။ ၆။မောဂ်-၇၊၃၁။

http://www.dhammadownload.com



နိက္ခော အဿ အတ္ထီတိ နိက္ခော။ ဟု ဆက်ပါ။
ဇမ္ဗောနဒဿ= ဇမ္ဗုယာ ပဝတ္တာ နဒီ ဇမ္ဗုနဒီ။
ဇမ္ဗုနဒိယံ နိဗ္ဗတ္တံ ဇမ္ဗောနဒံ။ ဇမ္ဗုနဒီ+ဏ။
(နဲ) ဇမ္ဗုနဒိယာ ဇာတံ ဇမ္ဗောနဒံ။[၁]

## ၈။ ဆဗ္ဗဂ္ဂိယဝတ္ထု

ကာယပ္ပကောပံ= ပကောပေတီတိ ပကောပေါ။ ပ-ကုပ+ဏေ+ဏ။[၂]
(နဲ) ပကုပ္ပနံ ပကောပေါ။ ကာယဿ ပကောပေါ-ပေါ။ တံ ။
ကာယဒုစရိုက်သုံးပါးဟုဆိုအပ်သော အကု ၁၂-ရှိ စေတနာယူ။
ကာယပ္ပကောပံ ရက္ခေယျ= ကာယပ္ပကောပ-အရ အကု ၁၂-ရှိစေတနာ
သည်၊ ရက္ခေယျ-အရ မဟာကုရှိ သမ္မာကမ္မန္တဝိရတီအား ပကတူပ။
(နဲ) အာရမ္မဏ။
(ဆောင်) လောကဖြစ်ဘိ, ဝိရတိမှူ, ဝီတိက္ကမိတဗ္ဗ, သမုတ်ရသည့်, ကာမ
နာမ်ရုပ်, ပစ္စုပ်မြဲမှတ်, စွဲမှီကပ်၏။

လောကီဝိရတီ ၃ ပါးသည် "ဝီတိက္ကမိတဗ္ဗဝတ္ထု" ဟု ခေါ်ဝေါ်
သမုတ်အပ်သော ကာမစိတ်, စေတသိက်ဟူသော နာမ်တရားနှင့်
ရုပ်တရားတို့ကို အာရုံပြု၏၊ ထို့ကြောင့် အာရုံမျိုး တစ်နည်းပြိုင်
သည်။

ဝိရတီ၌ ၁။ ဝီတိက္ကမိတဗ္ဗဝတ္ထု ၂။ ဝိရမိတဗ္ဗဝတ္ထု ဟု ၂-မျိုးရှိ
၏၊ လွန်ကျူးထိုက်သော သူ့အသက်စသောဝတ္ထုသည် ဝီတိက္ကမိတ
ဗ္ဗဝတ္ထု။ လွန်ကျူးကြောင်းစေတနာဟူသော ရှောင်ကြဉ်ထိုက်သော
ဝတ္ထုသည် ဝိရမိတဗ္ဗဝတ္ထုမည်၏၊ ဤသို့လည်း ခွဲမှတ်ပါ။

---

၁။နိရုတ္တိ-၂၇။ ၂။ပန်းကုံး။

http://www.dhammadownload.com



တံ အာရမ္မဏံ ကတွာ ပဝတ္တန္တီတိ- ယထာ ဝုတ္တံ ဝီတိက္ကမိ
တဗ္ဗဝတ္ထုံအာလမ္ဗိတွာ ဝီတိက္ကမနစေတနာသဉ်ါတဝိရမိတဗ္ဗဝတ္ထု
တော ဝိရမဏဝသေန ပဝတ္တန္တိ။[၁]

ကာယေန သံဝုတော- သံဝုဏောတီတိ သံဝုတော။

(နဲ) သံဝုယတေ (သံဝရီယတေ)တိ သံဝုတံ။
သံဝုတံ အဿ အတ္ထီတိ-တော။[၂]

ပြိုင်- သံဝုတော-အရ မဟာကုရှိ သမ္မာကမ္မန္တဝိရတီ၊ ကာယေန-အရ
ကာယဒွါရဟုဆိုအပ်သော ကာယဝိညတ်အား သဟဇာတ။

ကာယဒုစ္စရိတံ- ဒုဋ္ဌု စရိတံ ဒုစ္စရိတံ။ ကာယေန ဒုစ္စရိတံ-တံ။
ကာယဒွါရဖြင့် မကောင်းသဖြင့် ကျင့်အပ်သောအကျင့်ကို။

(နဲ) ဒုဋ္ဌံ စရိတံ ဒုစ္စရိတံ။ ကာယတော ဥပ္ပန္နံ ဒုစ္စရိတံ-တံ။
ကာယဒွါရကြောင့်ဖြစ်သော ပျက်သောအကျင့်ကို။(သဒ္ဒတ္ထ)[၃]

(နဲ) ကာယေန ကတံ ဒုစ္စရိတံ, ကာယတော ဝါ ပဝတ္တံ ဒုစ္စရိတံ-တံ။
ကိုယ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့်။
ကာယဒွါရမှဖြစ်သော မကောင်းသောအကျင့်။[၄]

ပြိုင်- ဒုစ္စရိတ-အရ အကု ၁၂-ရှိ စေတနာ၊ ကာယ-အရ ကာယဝိညတ်
အား သဟဇာတ။ ၄ ၊ ဝိပ်, ကံ, ဟာ။

မှတ်ချက်။ ။ကာယတော ဥပ္ပန္နံ ဒုစ္စရိတံ-တံ၊- နည်းအရ ကာယဒွါရ
သည် အကြောင်း၊ စေတနာသည် အကျိုးဖြစ်သော်လည်း အဘိ
ဓမ္မာနည်းအားဖြင့် စေတနာကြောင့်သာ ကာယဝိညတ်ဖြစ်၍ ကာ
ယဝိညတ်ကြောင့် စေတနာမဖြစ်၊ ထို့ကြောင့် သဒ္ဒါနည်း အကြောင်း
အကျိုးသို့ မလိုက်ဘဲ အဘိဓမ္မာနည်း အကြောင်း အကျိုးသို့ လိုက်
၍ ဒုစ္စရိတ-အရ စေတနာကို အကြောင်းပစ္စည်း၊ ကာယဝိညတ်ကို
အကျိုးပစ္စယုပ္ပန် လုပ်ရသည်။

---

၁။သီဋီသစ်-၂၃၂၂။ ၂။ဂါထာသျှ။ ၃။ဝိဋ္ဌ-၁၁၁၃၄။ ၄။ပေန်းကုံး။

http://www.dhammadownload.com



ကာယေန သုစရိတံ။ သုစရိတ်-အရ မဟာကုသိုလ် စေတနာသည်၊ ကာယေန -အရ ကာယဝိညတ်ရုပ်အား သဟဇာတ။

သုစရိတံ စရေ။ သုစရိတ်-အရ စေတနာသည်၊ စရေ-အရ ကြွင်းမဟာကု စိတ္တုပ္ပါဒ်အား သဟဇာတ။ ၄ ၊ ည, သမ်, ကံ, ဟာ။

ဝစီပကောပံ။ ဝုစ္စတေတိ ဝစီ။ ဝစ+အ+ဤ။[၁]

(နဲ) ဝုစ္စတိ ဧတာယာတိ ဝစီ။[၂] ပြောဆိုကြောင်း ဝစီဝိညတ်။ ဝစီယာ ပကောပေါ ဝစီပကောပေါ။

ဝစီပကောပံ ရက္ခေယျ။ ဝစီပကောပ-အရ အကု ၁၂-ရှိ စေတနာသည်၊ ရက္ခေယျ-အရ မဟာကုသိုလ် သမ္ဗာဝိစာအား ပကတူ။ (နဲ)အာရမ္မဏ။

ဝစီပကောပံ။ ဝစီ-အရ ဝစီဝိညတ်ရုပ်၊ ပကောပ-အရ ဝစီဒုစရိုက် ၄ ပါး ဟုဆိုအပ်သော အကု ၁၂-ရှိ စေတနာ။ စေတနာပစ္စည်း၊ ဝိညတ် ပစ္စယုပ္ပန်၊ သဟဇာတ။

ဝါစာယ။ ဝုစ္စတိ ဧတာယာတိ ဝါစာ။ သံဝုတောနှင့် နည်းတူပြိုင်။

ဝစီဒုစ္စရိတံ။ ဝစီယာ ကတံ ဒုစ္စရိတံ ဝစီဒုစ္စရိတံ။ ဝစီတော ဝါ ပဝတ္တံ ဒုစ္စရိတံ-တံ။[၃]

ဝါစာယ သုစရိတံ။ သုစရိတံ-အရ မဟာကုသိုလ် စေတနာသည်၊ ဝါစာယ-အရ ဝစီဝိညတ်အား သဟဇာတ။

မနောပကောပံ။ မနသော ပကောပေါ မနောပကောပေါ။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့ကို ကောက်ပါ။

ပြိုင်။ ပကောပ-အရ လောဘမူရှိ လောဘသည်၊ မနော-အရ လောဘမူ စိတ် ၈-ပါးအား သဟဇာတ။ ကြွင်း နည်းမှီပြိုင်ပါ။

မနောပကောပံ ရက္ခေယျ။ မနောပကောပ-အရ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိသည်၊ ရက္ခေယျ-အရ မဟာကုသိုလ်စိတ္တုပ္ပါဒ်အား ပကတူပ။

မနောဒုစ္စရိတံ။ မနသာ ကတံ ဒုစ္စရိတံ-တံ။

---

၁။ တန်ဒီ-၁၀၅။ ၂။ သုစိ။ ၃။ ပန်းကုံး။

http://www.dhammadownload.com



(နဲ) မနတော ဝါ ပဝတ္တံ ဒုစ္စရိတံ-တံ။ မနောပကောပံနည်းတူ ပြိုင်ပါ။
မနသာ သုစရိတံ॰ သုစရိတံ-အရ အလောဘ အဒေါသ အမောဟသည်၊
မနသာ-အရ မဟာကုသိုလ်စိတ်အား သဟဇာတ။ ၄-၂-၄။
ကာယေန သံဝုတာ॰ ကာယေန သံဝုတော နည်းတူပြိုင်။
မနသာ သံဝုတာ॰ သံဝုတာ-အရ အလောဘ အဒေါသ အမောဟသည်၊
မနသာ-အရ မဟာကုသိုလ်စိတ်အား သဟဇာတ။
သုပရိသံဝုတာ॰ သုပရိသံဝုဏန္တီတိ သုပရိသံဝုတာ။ သု-ပရိ-သံ-ဝု+တ။

## ၁၈။ မလဝဂ်

### ၁။ ဂေါဃာတကပုတ္တဝတ္ထု

ပါဟုနကော॰ ပဌမံ အာနေတွာ ဟူယတေတိ ပါဟုနံ။ ပ-အာ-ဟု+ယု။
အိမ်သူအိမ်သားတို့၏ ရှေးဦးစွာ ဆောင်ယူ၍ ပေးလှူအပ်သောထမင်းစသည်။
(နဲ) အာဂန္တုကတ္ထာယ ပကာရေန ဟူယတေတိ ပါဟုနံ။ ပ-ဟုဓာတ်၊ ယုပစ္စည်း၊ ပ၏ အ ကို အာ ပြု။
အာဂန္တုကတို့အတွက် အပြားအားဖြင့် ပေးထိုက်သော စားသောက်ဖွယ်။
ပါဟုနံ အရဟတီတိ-ကော။ အရဟတိအနက်၌ က။[၁]
(နဲ) ပါဟုတဗ္ဗန္တိ ပါဟုနံ။ ဒါတဗ္ဗဝတ္ထု။ ပ-ဟု+တ။[၂]
ကမ္မသရိက္ခကံ॰ သမာနမိဝ နံ ဒိဿတီတိ သရိက္ခကော။
သမာန-ဒိသ+က္ခ၊ သမာနကို သ၊ ဒိကို ရိ၊ သကို က္ခပြု။ သကတ္ထ၌ ကပစ္စည်း။[၃] သူစိ၌ သမာနဿ သော၊ ဒိသဿ ရိက္ခာ ဒေသော စ-ဟု ဆို၏။

---

၁။သဒ္ဒါ-၃၊၄၃၀၊၄၃၉။ ၂။နိရုတ္တိ-၅၀၁။ ၃။ဓာန်ဋီ-၅၂၉။

http://www.dhammadownload.com



ကမ္ဗေန သရိက္ခကော-ကော။ ကံနှင့်တူသော (အကျိုး)

ပြိုင်။ ကမ္မ-အရ လောဘမူ, ဒေါသမူရှိ စေတနာ၊ သရိက္ခက-အရ ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ်ပါ။ စိတ္တဇရုပ်ပစ္စယုပ္ပန်။ ပကတူပ။

ပဏ္ဏုပလာသော- ပဏ္ဏတိ ဂေဟဏန် ဂစ္ဆတီတိ ပဏ္ဏု။ ပဒိ+ဥ။ ပကာရေန လသတီတိ ပလာသော။ ပ-လသ+ဏ။[၁]

(နဲ) ပေန ဝါတေန လသတိ အပဂစ္ဆတီတိ ပလာသံ။

(နဲ) ပံ ဝါတံ လုနာတီတိ ပလာသော။ ပ-လူ+အသ။[၂]

ပဏ္ဏုဇ ပလာသော-ပဏ္ဏုပလာသော။(ပန်း)

မှတ်ချက်- ပလာသသဒ္ဒါသည် "ဒလံ ပလာသံ ဆဒနံ"ဟု အဘိဓာန်-၅၄၃-၌ နပုံလိင်လာ၏။

ပဏ္ဏုပလာသောတိ သမာသောပိ ဗျာသောပိ ယုတ္တောယေဝ၊ သမာသ ကာလေ " ပဏ္ဏု ယဿ အတ္ထီတိ-ပဏ္ဏု၊ သောယေဝ ပလာသော ပဏ္ဏုပလာသော"တိ ကာတဗ္ဗော။[၃]

ဒါနိသိ- ဒါနိ+အသိ။ အသိ၌ အသ+အ+ဝတ္တမာန် သိ၊ ဝတ္တမာနာ-ဟူသော ယောဂဝိဘာဂဖြင့် အတိတ်အနက်၌သက်။

ယမပုရိသာ- ယမဿ ပုရိသာ ယမပုရိသာ။[၄]

(နဲ) ယမန် ဥပရမန် ယမော။ ယမု-ဥပရမေ+အ။[၅]

ယမောဧဝ ပုရိသာ ယမပုရိသာ။

(နဲ) ယမ-နာသေ+အ၊ ယမတိ စသည်စဉ်။[၆]

တေ ဥပဋ္ဌိတာ- တေ-အား၊ ဥပဋ္ဌိတာ-ချဉ်းကပ်နေကုန်၏။

ဌာဓာတ်အယှဉ် သိလာယစသောသုတ်ဖြင့် သမ္ပဒါန်မှည့်၍တွက်။

(နဲ) တေ-၏၊ ဥပဋ္ဌိတာ-အနီး၌တည်နေကုန်၏။

၏-ဟုပေးက သမ္ဗန္ဓဆဋ္ဌီ၊ သမ္ဗန်မှည့်၍တွက်။[၇]

---

၁။ဓာန်ဋီ-၉၆၊၅၄၃။ ၂။ပါဠိယော-၅၅၅။ ၃။ပါဠိယော-၂၇၈။ ၄။ဂါထာသျှ။
၅။မှုဋီ-၂၄၃။ ၆။ပန်းကုံး။ ၇။မောဂ်သျှ-၁၊၂၁၁။

http://www.dhammadownload.com



ဥပဋ္ဌှသူတိ ဥပဋ္ဌိတာ။

ဥယျောဂမုခေ॰ ဥယျောဇန့် ပရိဟာန့် ဥယျောဂေါ။[၁]

ဓာတူနံ အနေကတ္ထတ္တာ-အရ ဥပုဗ္ဗ ယုဇဓာတ်၊ ပရိဟာနိအနက်ဟော။ (နဲ) ဥယျုဇ္ဇနံ ဥယျောဂေါ။[၂] ဥယျောဂဿ မုခံ-ခံ။

ပါထေယျံ॰ ပထဿ ဟိတံ ပါထေယျံ။ ကုသိုလ်ရိက္ခာကောက်။

ပထပုဒ်+ဟိတအနက်၊ ဏရာဂါ-စသောသုတ်၌ စသဒ္ဒါဖြင့် ဏေယျပစ္စည်းသက်။[၃] (နဲ)ပထေ သာဓု-ပါထေယျံ။[၄]

ဝါယမ॰ ဝါယမဓာတ်-ဥဿာဟော+အ+ဟိ။

(နဲ) ဝါယသဒ္ဒူပပဒ အမဓာတ်+အ+ဟိ။[၅]

(နဲ) ဝိ-အာ-ယမု+အ+ဟိ။[၆]

နိဒ္ဓန္တမလော॰ နိဒ္ဓမိယိတ္ထာတိ နိဒ္ဓန္တံ။ နိ-ဓမ+တ။

မလတိ စလတိ, သံကိလိဿတိ ဝါ တေနာတိ မလံ။

နိဒ္ဓန္တံ မလံ ယေနာတိ (ယဿာတိ ဝါ)-လော။[၆]

အနင်္ဂဏော॰ အင်္ဂန္တိ တေဟိ တံသမင်္ဂီပုဂ္ဂလာ နိဟီနဘာဝံ ဂစ္ဆန္တီတိ အင်္ဂဏာနိ။ အင်္ဂဓာတ်+ယု၊ ရာဂါဒယော။[၇]

နတ္ထိ အင်္ဂဏာနိ ယဿာတိ အနင်္ဂဏော။

မလ-အင်္ဂဏ॰ သုဒ္ဓါဝါသဘုံ၌ ဖြစ်လတ့်သည်ကိုထောက်၍ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သောကြောင့် အနာဂါမ်ပုဂ္ဂိုလ်သည် ပယ်အပ်သော "ကာမရာဂ, ပဋိဃနှင့်, သီလ ဒိဋ္ဌိ, ဝိစိကိစ္ဆာ-ဟူသော ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးကို ကောက်။ ဤဂါထာပါ နိဒ္ဓန္တ-၌ အန္တတ်အရ အနာဂါမိမဂ္ဂဝီထိချပါ။

ဒိဗ္ဗံ॰ ဒိဝိ ဘဝါ ဒိဗ္ဗာ။ (ဘူမိ)

အရိယဘူမိံ॰ အရိယာနံ ဘူမိ အရိယဘူမိ။

ဥပေဟိသိ॰ ဥပ-ဣဓာတ်+ဿသိ။ ဣစိဓာတုဖြင့် ဿ ကို ဟိ ပြု။

---

၁။ဂါထာသျှ၊ ၂။ပန်းကုံး၊ ၃။ရူ-၂၃၀၊ ၄။မောဂ်-၄၊၇၅၊
၅။ဓာန်ဋီ-၁၅၆၊ပိုး၊ ၆။ပန်းကုံး၊ ၇။မဋီ-၁၊၂၄၅၊

http://www.dhammadownload.com



မှတ်ချက်။ ။ပန်းကုံး၌ "ဥပ-ကု+အ+ဿသိ" ဟုခွဲ၏၊ အပစ္စည်းကို ချေ၊
ဇေတိဿာ (မောဂ်-၆၊ ၆၆)သုတ်ဖြင့် ကုဓာတ်မှနောက်ဖြစ်သော ဿ
ကို ဟိ ပြု၊ ကုကို ပြေ၊ ပခွင်း ချေ ကပ်၍ ပြီး၏၊ ရူ၌ အပစ္စည်းကို
ကပ္ပားဟော သဗ္ဗဓာတ်ဝိဘတ်နောင်သာ သက်သည်။

ဥပနီတဝယော᠃ ဥပနယိတ္ထာတိ ဥပနီတော။ ဥပ-နီ+တ။ ဥပသည် ဓာတွ
တ္ထာနုဝတ္တက။ ဥပနီတော ဝယော အဿာတိ-ယော။[၁]

(နဲ) ဝယတော နီတော ဧတဿာတိ နီတဝယော။
နီတဝယောဧဝ ဥပနီတဝယော။
အရွယ်သုံးပါးမှလွတ်သော သေခါနီးအခါရှိသည်။[၂]

သမ္ပယာတော᠃ သမ္ပယိဿတိ, သမ္ပယိတ္ထာတိ ဝါ-တော။[၁]
သံ-ပ-ယာဓာတ်+တပစ္စည်း။

အန္တရာ᠃ အန္တရေ ဧတီတိ အန္တရာ။[၁] ရ လာ။ အန္တ-ကု+အ။ (နဲ)အဗျယ။
သာမန္တာ, သမန္တာ အန္တရာ ပုရံ ပေစ္စ ကုစ္စေတေ သတ္တမိယာ။[၃]

မလ- အင်္ဂဏ᠃ ဤဒုတိယဂါထာ၌ "န ပုန ဇာတိဇရံ ဥပေဟိသိ"ကို ထောက်
၍ ရူပရာဂ, အရူပ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ-ဟူသော ဥဒ္ဓံဘာဂိယသံ
ယောဇဉ်တို့ကိုရင်း၊ နိဒ္ဒေသ၌ အန္တတ်အရ အရဟာတ္တမဂ်ကိုရင်း ကောက်။

## ၂။ အညတရဗြာဟ္မဏဝတ္ထု

ဥဿာဝဗိန္ဒုဟိ᠃ ဥ ပရိတော သဝတီတိ ဥဿာဝေါ။ ဥ-သု+ဏ။[၄]

(နဲ) အဝ-သီဓာတ်+ဏ၊ အဝကို ဥပြု၊ ဤကို အာယပြု၊ ယကို ဝပြု၊
သဒ္ဒဘော်လာ။[၅] ဗိန္ဒတိ အဝယဝီ ဘဝတိ, ဘိန္ဒိယတိ ဝါ အဝယဝီ
ကရိယတေတိ ဗိန္ဒု။ ဗိဒိ-အဝယဝေ၊ ဗိန္ဒတိ-ဘူ။ ဥ။ ပုံ, နပုံ။
ဓာန်ဋီ၌ "ဗိဒိ-အဝယဝေ+ဥ" ဟု ရှိ၏။

---

၁။ပန်းကုံး။ ၂။ဓမ္မပဒမဟာဋီ-၂၄၃။ ၃။ရူ-၁၃၄။ ၄။ဓာန်ဋီ-၅၆။ ၅။ကောဇ္ဇာဘာပန်းကုံး။

http://www.dhammadownload.com



ဥဿာဝေါဧဝ ဝိန္ဒု ဥဿာဝဝန္ဒု။

ဥဿာဝေါ စ သော ဝိန္ဒုစာတိ-န္ဒု။

ဝဒ္ဒလိကံ။ ဝရ+ဏီ။ဝါရိ။ ဝါရိ-ဒါ+အ။ဝါရိဒ။ ဝါရိဒ-လာ+ဏွု။ဝဒ္ဒလိက။

ပုဒ်အဆင့်ဆင့်ကို ဦးစွာနားလည်းပါစေ။

ဝါရေန္တိ တေနာတိ ဝါရိ။ ဝရ+ဏီ၊ နပုံလိင်။[၁]

(နဲ) ဝါရယတိ ပိပါသန္တိ ဝါရိ။ ဝရ-နိသေဓေ+ဏီ။[၂]

ဝါရိံ ဒဒါတီတိ-ဒေါ။ ရေကို ပေးတတ်သောမိုးတိမ်။

ဝါရိဒံ လာတိ ဂဏှာတီတိ ဝဒ္ဒလိကာ။

ဝါရိဒသဒ္ဒူပပဒ လာဓာတ်+ဏွု၊ ထီ၊ နပုံ။ သုတ်ကြီးဖြင့် ဝါရိကို ဝ ပြု၊ ဒဒွေဘော်လာ၊ ဏွုကို အကပြု၊ လခွင်း ချေ ကပ်၊ သုတ်ကြီးဖြင့် လ၏ အကို ဣပြု၊ ဣတ္ထိ အာသက်။

တိန္တစိဝရကေ။ တေမိယတီတိ တိန္တံ။ စွပ်စိုအပ်သော (သင်္ကန်း)

တိမ (နဲ)တိမု-အဒ္ဒဘာဝေ,နိစ္စလေပိ+တ။ ပက္ကမာဒီဟိ န္တော။

တိန္တံ စီဝရံ ယေသန္တိ တိန္တစီဝရကာ။ သမာသန္တ-က ကြံပါ။

စွတ်စိုအပ်သော သင်္ကန်းရှိကုန်သော။

ဝါ-မိုးစိုသော သင်္ကန်းရှိကုန်သော။

ဘူ။တိမတိ, တေမေတိ။ စု။တေမေတိ, တေမယတိ။ ဒိ။တေဗ္ဗတိ။

အနုပုဗ္ဗေန။ ပုဗ္ဗံ ပုဗ္ဗံ အနု အနုပုဗ္ဗံ။

(နဲ) ပုဗ္ဗံ အနုဂတံ အနုပုဗ္ဗံ။ ဝိသေသတ္ထဒ္ဒ တတိယာ။

ခဏေ ခဏေ။ ခဏောတီတိ ခဏော။ ခဏု-ဟိံသာယံ+အ။[၃]

(နဲ) သတ္တာနံ အာယု ခီယတိ ဟာယတိ ဧတ္ထ ကာလေတိ-ဏော။[၄]

ခီ-ခယေ+ယု။ ခဏတည် ကာလဘာဝေသု စ ဖြင့် သို့သက်၊ ပြေ၊ ဒွိရုပ်ပြု။

ကမ္မာရော။ လောဟကိစ္စံ ကရောတီတိ ကမ္မာရော။[၅]

---

၁။မောဂ်-၇၊၁၀။ ၂။ဓာန်ဋီ-၆၆၁။ ၃။ဓာန်ဋီ-၆၆။ ၄။သူ့စိ။ ၅။မောဂ်-၇၊၁၆၇။

http://www.dhammadownload.com



ကရဓာတ်+မာရပစ္စည်း၊ ဓာတွန် ရ်ကို ပရရုပ်မပြု။
(နဲ) (အယောကမ္မလောဟကမ္မာဒိနာ) ကမ္မေန ဇီဝတိ (ရူဟာတိ, ဝုဒ္ဓိ ဝိရုဠ္ဟိ အာပဇ္ဇတီ)တိ ကမ္မာရော။
ကမ္မပုဒ်+အာရပစ္စည်း။ ဇီဝတိတဒ္ဓိတ်။[၁]
ရဇတသောဝဏ္ဏ ရဇ္ဇန္တိ ဧနာ တွောတိ ရဇတံ။[၂]
ရန္ဇဓာတ်+အတပစ္စည်း၊ နိဂ္ဂဟိတ်ချေ။
ပြိုင်း ဟာဟျတ္ထအရ ရွှေငွေဟူသော အဝိနိဗ္ဘောဂရုပ်(ကမ္မပစ္စယဥတုဇရုပ်) အန္တတ္ထအရ-လောဘမူစိတ္တုပ္ပါဒ်၊ အာမိ။
နိဒ္ဒမေ မလမတ္တနေား မလအရ ကိလေသာ(၁၀)ပါး၊ နိဒ္ဓမေဒ္ဒ ဓာတ်အရ ကုသိုလ်စိတ် ၂၁ ပါး၊ ပကတူပ။

## ၃။ တိဿတ္ထေရဝတ္ထု

ဦကား ဥဟီယတိ ဝိစိနီယတီတိ ဦကာ။
ဦဟာဓာတ်+ကပစ္စည်း၊ ဝိတက္ကေ၊ ဣတ္ထိ အာ၊ ဟချေ။[၃]
(နဲ) ဥစဓာတ်+ဏ၊ ဣတ္ထိ အာ။[၄]

ဦကာ ဟုတွာ နိဗ္ဗတ္တိး ဦကာ-သန်း၏၊ ဟုတွာ-ဖြစ်လသော်၊ ဝါ-ဖြစ်သည်၏အဖြစ်ဖြင့်၊ နိဗ္ဗတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ-၏။
ဤနည်းအလို ဟုတွာ-၌ တွာပစ္စည်း၊ နိဗ္ဗတ္တိ-၌ တပစ္စည်းကိုပါဘောအနက်မှာ သက်ပါ။(မောဂ်အလို)
ဘဝနံ ဟုတွာ။ နိဗ္ဗတ္တနံ နိဗ္ဗတ္တိ-ဆိုပါ။
ဦကာ-ကို နိဗ္ဗတ္တိ-၌ စပ်ပါ၊ ဤ၌ ပဌမာဝိဘတ်သည် ဆဋ္ဌီအနက်ဟောတည်း။ သဒ္ဒတ္ထဘေဒစိန္တာပကာသနီ-၌ အာလပနေ စ-၌ စ ဖြင့် ဆဋ္ဌီကတ္တားအနက်၌ ပဌမာ-ဟု ဆို၏။

[၁]။အပဌ-၂၁၁၆။ [၂]။မောဂ်-၇၊၇၉။ [၃]။မောဂ်-၇၊၁၅။ [၄]။နီတိဓာတု-၂၂၃။

http://www.dhammadownload.com



(နဲ)　ဦကာ-သန်းသည်၊ ဟုတွာ-ဖြစ်လသော်၊ နိဗ္ဗတ္တိ-ဖြစ်ခြင်းသည်၊ အဟောသိ-ဖြစ်ပြီ။ (ဘာဠ္ဋိ)

ဤနည်းအလို ဟုတွာ-၌ တွာပစ္စည်းကို ကစ္စည်းနည်းအတိုင်း ကတ္တားအနက်မှာသက်ပါ။ အဟောသီတိ-ဟုတွာ၊- ဟု ဆို။

ဦကာ-ကို ဟုတွာ-၌ လက္ခဏာဝန္တစပ်၊ ဦကာ-၌ ပဋ္ဌမာဝိဘတ်ကို လိင်္ဂတ္ထ၌သက်။

ဦကာ-ကို သည်-ဟုပေးရသောနည်းဝယ် "ဟုတွာ-ဟူသော အပမာနကြိယာကိုငဲ့၍ ဦကာ-ဟုဆိုအပ်သော ပဌမန္တကာရိယသည် နိဗ္ဗတ္တိဟူသော ဘောဟောကြိယာကိုငဲ့သော်လည်း ပဌမန္တကာရိယ မပျက်တော့။

သာသညာယ ဟတော ရတ္တော၊ ပုတ္တော ဇီဝေါဝ ပေက္ခိတော။
ပမာနေပိ န သခ်ါရော၊ အပမာနေပိ နဿတေ။
ဒွိန္နံ ပဋိစ္စ ဘာဝတ္တံ၊ ဆဋ္ဌတ္တေ ပဌမာ ထဝါ။
နပ္ပမာန မပေက္ခာယ၊ သခ်ါရော နဿတေ.ကဒါ။[၁]

အယသာ= အယတိ နာနာကမ္မာရကိစ္စေသု ဥပယောဂံ ဂစ္ဆတီတိ အယော။[၂]
ဣဓာတ်+အ။ ဓာတ်, အယဓာတ်လည်း ဖြစ်သင့်၏။

အယသာ-သည် ပဥ္စမျန္တပုဒ်တည်း၊ မနောဂဏာဒီဟိဝါ သို့ နော ဣ နာ သ္မာနမာ(နီတိ-၃၇၃)သုတ်ဖြင့်၊ ကစ္စည်းအလို မနော ဂဏာဒိ-အာ-၌ အာဟူသော ယောဂဝိဘာဂဖြင့်(ဝိဘော) သ္မာကို အာပြု၊ သ သရေ ဝါဂမောဖြင့် သလာ။[၃]

ကတ္တရိ စ-၌ စသဒ္ဒါဖြင့် အပါဒါန်အနက်၌ တတိယာကြံကြ သေး၏။

သမုဋ္ဌိတံ= သမုဋ္ဌာသီတိ သမုဋ္ဌိတံ။[၄]

---

၁။စိန္တာ-၃၈၆၊၃၉၀။ ၂။နီတိဓာ-၁၄၀။ ၃။ဂါထာသျှ။ ၄။ပန်းကုံး။

http://www.dhammadownload.com



သံ-ဥ-ဌာစာတ်+တ။ ဌာ၏အာကို က္လပြု။[၁]

အတိဓာနစာရိန်း အဝိဇ္ဇာဒိကေ သံကိလေသဓမ္မေ တဒင်္ဂါဒိဝသေန ဓုနာတီတိ ဓောနာ။[၂] ဓူဓာတ်+ယု+အာ။

ဓဝတိ, ဓုဝတိ(ဘူ) ဓူဏောတိ, ဓူနောတိ(သွာ) ဓုနာတိ(ကီ) ဓာဝေတိ, ဓာဝယတိ(စု)။

(နဲ) အပဟိတေ ဓမ္မေ ဓုနာတီတိ ဓောနာ။ အကုသိုလ်တရားတို့ကို ခါထွက်ဖျက်ဆီးတုန်လှုပ်စေတတ်သော ပညာ။[၃]

ဓောနံ အတိက္ကမိတွာ စရတိ သီလေနာတ-ရိ

အတိဓောနာ-စရဓာတ်+ဏီ။ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ ဘုဉ်းပေးကြောင်းပညာကို ကျော်လွန်၍ ကျင့်လေ့ရှိသူ။

(နဲ) ဓောနံ အတိက္ကန္တော အတိဓောနော။

အတိဓောနော ဟုတွာ စရတီတိ အတိဓောနစာရီ။

ဒဏ္ဍိန်-ကဲ့သို့ အံဝိဘတ်ကို နံပြုပါ။

ပြိုင်း အတိဓောန-အရ တဏှာပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်၊ ဓောန-အရ မဟာကုသိုလ်ရှိ ပစ္စဝေက္ခဏာပညာ။ ပကတူပ။

(နဲ) အတိဓောန-အရ လောဘမူရှိလောဘ၊ စာရိ-၌ဓာတ်အရ ကြွင်းလောဘမူစိတ္တုပ္ပါဒ်။ သဟဇာတ။

သာနိ ကမ္မာနိ နယန္တိ။ သသ ကမ္မာနိ သာနိ။

သာနိ ကမ္မာနိ-အရ ဥဒ္ဓစ္စစေတနာကြဉ်သော အကုသိုလ်စေတနာ ၁၁-ခု၊ နယန္တိ-အရ အကုသိုလ်စိတ် ၁၂ စေတနာကြဉ်စေတသိက် ဆဝ္ဗိသအား သဟဇာတ။ ၄-၂-၂။

နယန္တိ ဒုဂ္ဂတိံ။ နယန္တိ-အရ အကုသိုလ်စေတနာ ၁၁-ခုသည်၊ ဒုဂ္ဂတိံ-အရ ဌာနာနုရူပအားဖြင့် ပဋိ-ကိစ္စတပ်သော အကု-ဝိ ဥပေက္ခာသန္တိ ရဏနာမက္ခန္ဓာ၊ ကဋတ္တာရုပ်အား နာနက္ခဏိက။

---

၁။ ရှ-၆၂၀။ ၂။ နေတ္တိဝိဘာ-ဋီကာ-၁၃၀။ ၃။ ပန်းကုံး။

http://www.dhammadownload.com



## ၄။ လာလုဒါယိတ္ထေရဝတ္ထု

လာလုဒါယိတ္ထေရော = လလီယတိ ဗိဂ္ဂတ္ထိယတိတိ လာလာ။

လာလံ ခေဠံ ဥဒေတိ ဝမေတိ သီလေနာတိ လာလုဒါယိ။

လာလုဒါယိ စ သော ထေရောစာတိ-ရော။[၁]

လာဠုဒါယိ-ဟုရှိက ဠပြု။ လဠာန မဂိသေသော။

စတုပ္ပဒေါ = စတ္တာရိ ပဒါနိ ယဿာတိ စတုပ္ပဒေါ။

ပူတိလောမော = ပူတိ လောမံ အဿ သူကရဿာတိ-မော။

သူကရ = သုန္ဒရံ ဖလံ ကရောတီတိ သူကရော။

(နဲ) သုခံ ကရောတီတိ သူကရော။ သု-ကရ+ဏ။

(နဲ) သုန္ဒရော ကရော(ဟတ္ထော)ယဿာတိ-ရော။ သုပုဒ်+ကရပုဒ်။[၂]

(နဲ) သူကြတိ အဗျတ္တံ သဒ္ဒံ ကရောတီတိ-ရော။ သူ-ကရ+အစ်။[၃]

အသဇ္ဈာယမလာ = သဇ္ဈာယနံ သဇ္ဈာယော။

သံ-ဈေဓာတ်၊ ဘူ၊ အဇ္ဈယနေ၊ အ၊ နိဂ္ဂဟိတ်ကို ဇပြု။

(နဲ) သဇ္ဈယနံ သဇ္ဈာယော။ သု-အဓိ-ဣဓာတ်+ဏ။

န သဇ္ဈာယော အသဇ္ဈာယော။

အသဇ္ဈာယသင်္ခါတံ မလံ ဧတေသန္တိ-မလာ။[၄]

(နဲ) အသဇ္ဈာယော မလံ ဧတေသန္တိ-လာ။[၅]

မန္တာ = မုနာတိ ဇာနာတိ ဓမ္မံ ဧတေဟီတိ မန္တာ။ မုန+တ၊ ဥကို အပြု။[၆]

(နဲ) မန္တ-ဂုတ္တဘာသနေ၊ စုရာဒိ+ဏေ။ မန္တေတိ, မန္တယတိ စသည်။[၇]

အနုဋ္ဌာနမလာ = ဥဋ္ဌဟနံ ဥဋ္ဌာနံ။ န ဥဋ္ဌာနံ အနုဋ္ဌာနံ။

အနုဋ္ဌာနံ မလံ ယေသန္တိ အနုဋ္ဌာနမလာ။

(နဲ) အနုဋ္ဌာနမေဝ မလံ ဧတေသန္တိ-လာ။[၅]

ကောသဇ္ဇံ = ကုသီဒဿ ဘာဝေါ ကောသဇ္ဇံ။

---

၁။မဉ္ဇူသာ-၄၉၆၊ ၂။ဓာန်ဋီ-၆၁၇၊ ၃။ကပ္ပဒုမာဓာ-ပန်း။ ၄။ပန်းကုံး။
၅။ဂါထာသျှ၊ ၆။ဓာန်ဋီ-၁၀၈၊ ၇။နီတိဓာတု-၃၀၈။

http://www.dhammadownload.com



ကုသိဒ+ဏျ၊ တေသုဝုဒ္ဓိဖြင့် ဤကို အပြု။[1]

(နဲ) ကုသီတဿ ဘာဝေါ-ဋ္ဌံ။ ကုသီတ+ဏျ။[2]

ထိနမိဒ္ဓပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။

ရက္ခတော= ရက္ခတီတိ ရက္ခန္တော။ ရက္ခ+အ+အန္တ။

## ၅။ အညတရကုလပုတ္တဝတ္ထု

အတိစာရိနီ= သာမိကံ အတိက္ကမ္မ အညတြ စရတီတိ အတိစာရိနီ။[3]

အတိ-စရ၊ ဂတိယံ၊ ဏီ၊ က္လနီ။

အတိစ္စ အတိက္ကမိတွာ ကာမရာဂဝသေန စာရော-ရော။[4]

အတိစာရော ဧတိဿာ အတ္ထီတိ-ရိနီ။ အတိစာရ+က္လနီ-ကြံပါ။

နဒီ= အဘိက္ခဏံ နဒတီတိ နဒီ။ နဒ-အဗျတ္တသဒ္ဒေ+အ၊ နဒါဒိ။[5]

ပန္ထော= ပန္ထယန္တိ ယန္တိ အနေနာတိ ပန္ထော။

ပထိ-ဂတိယံ၊ စုရာဒိ၊ အ။ နာဂမော။[6]

ပပါ= ပံ ပိဝန္တိ အဿန္တိ ပပါ။ ပ-ပါဓာတ်+ပါနေ၊ အ။[7]

(နဲ) ပါပီယတေ အဿန္တိ ပပါ။[8]

ဝေလာ= ဝေလယတိ ပရိစ္ဆေဒဝသေန တိဋ္ဌတီတိ-လာ။ (သီမာ)[9]

ဝိနာသံ လာတီတိ-လာ။ အချိန်ကာလဟော။[9]

မလိတ္ထိယာ= မလံ+က္လတ္ထိယာ။ က္လစ္ဆတိ က္လစ္ဆီယတီတိ က္လတ္ထိ။[10]

က္လသ-က္လစ္ဆာယံ+ထိပစ္စည်း။ ဧသတိ, က္လစ္ဆတိ စသည်။

(နဲ) နရေ က္လစ္ဆတိ, က္လစ္ဆာပေတီတိ က္လတ္ထိ။ က္လသု+တ+ဤ။

(နဲ) ဂစ္ဆော ထီယတိ ဧတိဿန္တိ ထိ၊ ဟုဆိုလိုလျက် နိရုတ္တိနည်းဖြင့် က္လ နှင့် တ လာ၍ "က္လတ္ထိ"ဟု ပြီးသည်။

ထေ-သဒ္ဒသံဃာတေသု+အ+ဤ။ ထာယတိ, ထီယတိ။[11]

---

၁။ရှ-၃၈၇။ ၂။မောဂ်-၄၊၁၂၇။ ၃။ဓာန်ဋီ-၂၃၈။ ၄။ဝိမာနဋ္ဌ-၆၅။ ၅။သုစိ။ ၆။ဓာန်ဋီ-၁၉၀။ ၇။ဝိ-ပိဋက-၃၊၁၃၂။ ၈။မဏိ-၂၇၈။ ၉။ဓာန်ဋီ-၆၆။ ၁၀။မောဂ်-၇၉၄။ ၁၁။နီတိဓာတု-၆၈။

http://www.dhammadownload.com



မဠ္ဈေရံ- အတ္တသမ္ပတ္တိန္ မဋ္ဌေရတိ နိဂ္ဂဟတီတိ-ရော။
မသု+ကွဲ၊ သုကို ဋ္ဌေရပြု။ မဋ္ဌရတိ စသည်စဉ်။
(နဲ့) မဋ္ဌရတီတိ မဋ္ဌေရော။ မသုဓာတ်+ဋ္ဌေရပစ္စည်း။
ဒဒတော- ဒေတီတိ ဒဒန္တော။ ဒါ+အ+အန္တ။
တတော မလာ- မလတရံ-၌ စပ်သောကြောင့် ပဉ္စမီ သွာ၊ ဂိဘတ္တအပါဒါန်
အနက်၊ အပါဒါနေ ပဉ္စမီ။
မလတရံ- သဗ္ဗေသံ အတိသယေန မလံ မလတရံ။ မလပုဒ်+တရ။
ကထေမိ-ဟူသော ပါဌ်သေသကြိယာ၌ ကမ္မ၊ ကမ္မ်ာအဖြစ်ဖြင့် စပ်ပါ။
အဝိဇ္ဇာ- ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ။ န ဝိဇ္ဇာ အဝိဇ္ဇာ။
ဝိဒ+ဏျ၊ ဒျကို ဇပြု၊ ဒွေဘော်လာ၊ ဣတ္ထိ အာသက်။
(နဲ့) အဝိန္ဒိယံ ကာယဒုစ္စရိတာဒိ ဝိန္ဒတီတိ အဝိဇ္ဇာ။
(နဲ့) ဝိန္ဒတီတိ ဝိဇ္ဇာ။ န ဝိဇ္ဇာ အဝိဇ္ဇာ။
မရထိုက်သော ကာယဒုစရိုက်စသည်ကို ရတတ်သော အဝိဇ္ဇာ။
(နဲ့) အဝိဇ္ဇမာနေ ဇဝါပေတီတိ အဝိဇ္ဇာ။
ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဣတ္ထိပုရိသစသည်၌ သတ္တဝါ
တို့ကို လျှင်စွာဖြစ်စေတတ်သော အဝိဇ္ဇာ။
အဝိဇ္ဇမာန-ဇု+အ+အာ-ဖြင့် အဝိဇ္ဇမာနဇဝါ-ဟူလိုလျှက် အဝိ
-ဇာ ကိုချန်၍ ကျန်သမျှကို ဝဏ္ဏနာသနိရုတ္တိနည်းဖြင့် ချေပါ၊ ဇ
ဒွေဘော်လာ။ အခြားနည်းများ ရှိသေး၏။
ဧတံ မလံ ပဟန္တွာန- ဧတံ မလံ-အရ အကု ၁၂-ရှိ မောဟသည်၊ ပဟ
န္တွာန-၌ ဓာတ်အရ အရဟတ္တမဂ်အား ပကတူပ။
နိမ္မလာ- နတ္ထိ မလံ ယေသံ တုမှာကန္တိ နိမ္မလာ။

---

၁။သုစိ။ ၂။ဓာန်ဋီ-၁၆၈။ ၃။ဋီကာကျော်နိဿယ-၅၅၁။

http://www.dhammadownload.com



အဝိဇ္ဇာတိ အဋ္ဌဝတ္ထုကံ-၌ အဋ္ဌသရုပ်. .

သစ္စာ-၄ ပါး၊ အတိတ်ခန္ဓာဟူသော ပုဗ္ဗန္တ၌ မသိခြင်း၊ အနာဂတ်ခန္ဓာဟူသော အပရန္တ၌ မသိခြင်း၊ ပုဗ္ဗန္တ အပရန္တ နှစ်ပါးစုံ၌ မသိခြင်း၊ ပဋိစ္စသမုပ္ပာဒ်၌ မသိခြင်းတို့တည်း။

(ဆောင်) သစ္စာလေး၀, ပုဗ္ဗ အပရာ, နှစ်ဖြာစုံမှတ်, သမုပ္ပာဒ်, ရှစ်ရပ် အဝိဇ္ဇာဖုံး။

## ၆။ စူဠသာရိဝတ္ထု

ကေဝိသတိဝိဓာယ အနေသနာယ ဧသနံ ဧသနာ။

အယုတ္တာ ဧသနာ အနေသနာ။[၁] (နဲ့)အနနုရူပါ ဧသနာ-နာ။[၂] န+ဧသန။ နသည် အယုတ္တ (နဲ့)အနနုရူပအနက်ဟော၊ အနေသန ၂၁-ပါး ယူ။

ကေဝိသတိ-

၁။ အသက်မွေးခြင်းအကျိုးငှါ ဝါးပေးခြင်း၊ ၂။ သစ်ရွက်ပေးခြင်း၊
၃။ ပန်းပေးခြင်း၊ ၄။ သစ်သီးပေးခြင်း၊
၅။ ဒန်ပူပေးခြင်း၊ ၆။ မျက်နှာသစ်ရေပေးခြင်း၊
၇။ ရေချိုးကသယ်မှုန့်ပေးခြင်း၊
၈။ ကုက္ကိုမှုန့်စသော သာမညအမှုန့်ပေးခြင်း၊ ၉။ မြေညက်ပေးခြင်း၊
၁၀။ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း၊ ဝါ-လောကွတ်ပြုခြင်း၊
၁၁။ ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသောစကားကို ဆိုခြင်း၊ ၁၂။ လူတို့၏သားငယ်ကို ချီပိုးခြင်း၊
၁၃။ ရှာတပါး အရပ်တပါးသို့ သလုံးမြင်းခေါင်းဖြင့် သွား၍ အစေအပါးခံခြင်း၊ ၁၄။ ဆေးကုခြင်း၊

---

[၁] အဘိ-၂၂၇၀၊ [၂] သီဋီသစ်-၂၅၅၊

http://www.dhammadownload.com



၁၅။ တရွာမှ တရွာသို့သွား၍ လူတို့၏အမှုဖြစ်သော သတင်းစာလွှာကို ဆောင်ခြင်း၊

၁၆။ တအိမ်မှ တအိမ်သို့သွား၍ ဒါယကာတို့ ၏ အစေအပါးကိုခံခြင်း၊

၁၇။ ဒါယကာတို့က ဆွမ်းအနည်းငယ်ပေးသည်ကို မိမိက များများ ဆွမ်း တုံ့ပြန်၍ပေးခြင်း၊

၁၈။ အိမ်ယာစသော မြေအတတ်ကို ဟောပြောခြင်း၊

၁၉။ လယ်ယာအတတ်ကို ဟောပြောခြင်း၊

၂၀။ နက္ခတ်အတတ် ဟောပြောခြင်း၊

၂၁။ အင်္ဂဝိဇ္ဇာအတတ် ဟောပြောခြင်း။

[မူလဋီကာ၊ စိတ္တုပ္ပါဒကဏ္ဍ-ကုသလကထာ၊ မိလိန္ဒ-၃၅၂ မေဒိနီ-၁၅၃ တို့၌ တစ်မျိုးလာသေးသည်။]

သုဇီဝံ- သုခေန ဇီဝနံ သုဇီဝံ။

သု-ဇီဝဓာတ်၊ ဤသံ ဒု သုဟိ ခ-ဖြင့် ခ သက်၊ ထိုခသည် ဘာဝကမ္မေသု ကိစ္စ တ္တ ခတ္ထာ-သုတ်အရ ဘော ကံအနက်တို့ကို ဟောသော်လည်း ဇီဝဓာတ်က အကမ္မကဖြစ်၍ ဘောဟောသာ ယူပါ။

သက္က-ဟူသော အဖွင့်ဖြင့် ကမ္မသာဓနေကို မပြ၊ ကိတ်ပစ္စည်း တို့၏ ဇောတကတ္ထဖြစ်သော သက္ကာအနက်ကိုပြသည်။[၂]

အကမ္မကေဟိ ဓာတူဟိ, ဘာဝေ ကိစ္စာ ဘဝန္တိ တေ။
သကမ္မကေဟိ ကမ္မတ္ထေ, အရဟာသက္ကတ္ထ ဒီပကာ။[၃]

ဘောအနက် ကံအနက်တို့ကို ဝါစ္စတ္ထခေါ်၍ အရဟ, သက္က စသော အနက်များကို ဇောတကတ္ထ-ဟု ခေါ်၏။

(နဲ) သုန္ဒရံ သုကရံ ဝါ ဇီဝံ ယဿာတိ သုဇီဝံ။[၄]

---

၁။ပါတိမောက္ခမေဒိနီ-၁၅၂။ ၂။ဂါထာသျှ။ ၃။ရူ-၃၇၇။ ၄။မွေ့ဒီ-၂၂၄။

http://www.dhammadownload.com



(နဲ) သုခေန ဇီဝိယတေတိ သုဇီဝံ။[၁]

အဟိရိကေန၊ န ဟိရီယတိ န လဇ္ဇတီတိ အဟိရိကော။ န-ဟိရီဓာတ်+က။

ဟြီ-ဧကဿရဓာတ်ရင်းဖြစ်၍ ဓာတွန်မကျေ။[၁]

မကောင်းမှုမှ မရှက်တတ်သော။

(နဲ) ဆိန္နဟိရောတ္တပ္ပကေန-ဟု ဩတ္တပ္ပကိုပါ ထည့်၍ ဖွင့်သောကြောင့်

ဟိရီ စ ဩတ္တပ္ပံ စ ဟိရီ။ နတ္ထိ ဟိရီ ဧတဿာတိ အဟိရိကော။

အရှက်အကြောက်မရှိသော။

ကာကသူရေန၊ ကာယတိ သဒ္ဒံ ကရောတီတိ ကာကော။[၂]

(နဲ) ကာ ဣတိ သဒ္ဒံ ကာယတီတိ ကာကော။ ကာ-ကေဓာတ်-သဒ္ဒေ၊

အ။ သူရေတီတိ သူရော။ သူရ-ဝိက္ကန္တိယံ၊ စု၊ ဏ။[၃]

ကာကော ဣဝ သူရော ကာကသူရော။[၄]

(နဲ) ကာကောဝိယ သူရော အယံတိ ကာကသူရော။[၅]

ဥပမာနပုဗ္ဗပဒပဌမာဗဟုဗ္ဗီဟိ။

ဤအဋ္ဌကထာအလို၊ ကာကော စ သော သူရောစာတိ-ရော။

ရဲရင့်သောကျီး။ ဝိသေသနုတ္တရပဒကမ္မဓာရည်း။

ကာကာသူရောဝိယာတိ ကာကသူရော။ ကာကသူရ+ဏ။[၁]

ရဲရင့်သောကျီးနှင့်တူသူ။ ဥပမာတဒ္ဓိတ်ပြုပါ။

(နဲ) ကာတိ သဒ္ဒံ ကာတိ ရဝတီတိ ကာကော။ ကာ+က။

(နဲ) မနုဿာနံ ဘောဇနဘာဇနာဒီသု ဝစ္စံ ကရောတိ ဆဋ္ဋေတီတိ

ကာကော။ ကရဓာတ်+ဏ၊ ရကို ကပြုဟုကြံပါ။

သူရတိ အဘီတဘာဝံ အဘယာကာရံ ကရောတိ, သူရတိ ဝါ

အဘီတဘာဝေန အဘယာကာရေန ဘဝတီတိ သူရော။

ကာကဿ သူရောဝိယ သူရော အဿာတိ-ရော။[၆]

ဥပမာပုဗ္ဗပဒဆဋ္ဌီဗဟုဗ္ဗီဟိပြု၏။

၁။ပန်းကုံး၊ ၂။မောဂ်-၇၊၁၄၊ ၃။နိရုတ္တိ-၂၂၄၊ ၄။ရူ-၂၀၆၊ ၅။ဂါထာသျှ၊ ၆။ဓမ္မပဒ်-၂၄၄၊

http://www.dhammadownload.com



(နဲ့) သုဋ္ဌု ဥရော သူရော။ သု+ဥရ။[၁]

ဓံသိနား ပရေသံ ဂုဏံ ဓံသယတိ သီလေနာတိ ဓံသီ။[၂]

ဓံသ-ဝိဒ္ဓံသနေ၊ စု+ဏီ။ ဓံသေတိ, ဓံသယတိ စသည်။

ပက္ခန္ဒီနား ပက္ခန္ဒတိ သီလေနာတိ ပက္ခန္ဒီ။ ပ-ခဒိ+ဏီ။[၂]

(နဲ့) ပက္ခန္ဒဓာတ်+ဏီ။ သူတစ်ပါးတို့ ပြုအပ်ပြီးအမှုကို မိမိပြုလုပ်သကဲ့သို့ လျှင်မြန်စွာ သွားတတ်သူ။[၃] ပက္ခန္ဒဓာတ်-ဝေဂဂတိအနက်ဟော။ မာယာသာဌေယျဟုဆိုအပ်သော တဏှာပြ-လောဘမူစိတ္တုပ္ပါဒ်။

ပဂဗ္ဘေန ကာယာဒီဟိ ပဂဗ္ဘတီတိ ပဂဗ္ဘော။ ပ-ဂဗ္ဘ+အ။[၂]

(နဲ့) ဂရတိ ထဒ္ဓဘာဝံ အမုဒုဘာဝံ ကရောတီတိ ဂဗ္ဘော။ ဂရ+ဘ။

(နဲ့) ကာယစိတ္တမုဒုဘာဝံ ဂဘတိ အပနေတီတိ ဂဗ္ဘော။ ဂဘ+ဘ။ ဂဗ္ဘောဧဝ ပဂဗ္ဘော။[၄]

(နဲ့) ဘုသံ ဂရတိ အညေ ပီဠေတိ အနေနာတိ-ဗ္ဘော။ ပ-ဂရ+ဘ။ ယောဇနာ-၅၅၈ ၌ "ပဂဗ္ဘ"ဟု ရှိ၏။

သံကိလိဋ္ဌေန သံကိလိဿတီတိ-ဋ္ဌော။ သံ-ကိလိသ+တ။

ဟိရိမတာ ဟိရီ စ ဩတ္တပ္ပံ စ ဟိရီ။ ဟိရီ ယဿ အတ္ထီတိ ဟိရိမာ။ တေန-ဟိရိမတာ။ ဟိရီ+မန္တု။

ဒုဇ္ဇီဝံ ဒုက္ခေန ဇီဝိတဗ္ဗောတိ ဒုဇ္ဇီဝေါ။ ဒု-ဇီဝ+ခ။

သုစိဂဝေသိနား သုစ္စန္တီတိ သုစီနိ။ သုစ-ဒိ+က္က၊ နပုံ၊ ရတ္တာဒိ၊ အဋ္ဌိတူ။ သုစီနိ ကာယကမ္မာဒီနိ ဂဝေသတီတိ-သီ။

(နဲ့) သုစ္စန္တိ ပရိသုဇ္ဈ ဘဝန္တီတိ သုစီနိ။[၅] ဂဝေသတီတိ-ဂဝေသီ။ သုစီနိ ဂဝေသီ-သီ။

အလီနေန လီယတီတိ လီနော။ လီ-သိလေသနေ၊ ကီ, ဒိ+တ။[၆] လိနာတိ(ကီ) လီယတိ(ဒိ)။ န လီနော အလီနော။ ဘိဒါဒိတော-ဖြင့် ဣတ္ထိပြု၊ ကွစိဓာတုဖြင့် ဏကို နပြု။

---

၁။ မဟာနိ-၄-၂၄၉။ ပန်းကုံး။ ၂။ ပန်းကုံး။ ၃။ ဂါထာသျှ။ ၄။ မဏိ-၂၄၄။ ၅။ ကာစ်-၆၆၉။ ၆။ ရူ-ဒုဂ်။

http://www.dhammadownload.com



အပ္ပဂဗ္ဘေန= န ပဂဗ္ဘော အပ္ပဂဗ္ဘော။
သုဒ္ဓါဇီဝေန= သုဇ္ဈတီတိ သုဒ္ဓေါ။ သုဓ+တ၊ ဒ်ဝါဒိ။
အာဇီဝနံ အာဇီဝေါ။ (နဲ) အာဇီဝတိ ဧတေနာတိ အာဇီဝေါ။
သုဒ္ဓေါ အာဇီဝေါ ယဿာတိ-ဝေါ။

## ၇။ ပဋ္ဌဥပါသကဝတ္ထု

ပါဏံ အတိပါတေတိ• ပဏန္တိ ဇီဝန္တိ သတ္တာ ယေနာတိ ပါဏော။[1]
အသက်ဇီဝိတိန္ဒြေ(နဲ)ပါဏန္တိ အနေနာတိ-ဏော။ ပ-အန+ဏ။[1]
ပါဏော အဿ အတ္ထီတိ ပါဏော။ ပါဏ+ဏ၊ သတ္တဝါရှင်။
မုသာဝါဒဥ္စ= ဝဒနံ ဝါဒေါ။ (နဲ) ဝဒန္တိ ဧတေနာတိ ဝါဒေါ။
မုသာ ဝါဒေါ-ဒေါ။ ဒု, တ တပ္ပုရိသ်။
(နဲ) မုသာ အဘူတဝတ္ထုဿ ဝါဒေါ မုသာဝါဒေါ။[2]
ဤနည်းအလို ဆဋ္ဌီတပ္ပုရိသ်တည်း။
(နဲ) မုသာဝသေန ဝဒနံ မုသာဝါဒေါ။[3]
အာဒိယတိ= အာ+ဒါ+ဒိဝါဒိ ယ+တိ၊ ကွစိဓာတုဖြင့် ဒါ၏အာကို ဣပြု။
ပရဒါရဥ္စ= ဒါရယန္တေ ယေနာတိ ဒါရော။
ဒရ-ဝိဒါရဏေ၊ အကတ္တရိ စ ကာရကေ သညာယံ ဏော။[4]
(နဲ) ဒရတိ ဘိန္ဒတိ ကုလဝိဘာဂံ ဂစ္ဆတိ ဧတေန ဇနေနာတိ-ရော။[5]
ပရဿ ဒါရော-ရော။
ဂစ္ဆတိ= ပရဒါရ-အရ သူတစ်ပါးမယား၏ ဖောက်ပြန်ရှာရုံပစ္စည်းတရားသည်၊
ဂစ္ဆတိ-အရ လောဘမူရှိ ကာမေသုမိစ္ဆာစာရစေတနာအား အာရုံမှ
ဏ။ ၆။
သုရာမေရယပါနံ= မဒံ ဇနေတီတိ မေရယံ။ မဒ+ဏယ၊ အကို ဧပြု၊ ဒ

http://www.dhammadownload.com



ကို ရပြု။[၁] ဓာန်ဋီ-၅၃၃ ၌ ဓောယျ-ဟု ဆို၏။
သုရာ စ မေရယဉ္စ သုရာမေရယံ။ ပိယတေ ပါန်။
သုရာမေရယဿ ပါန်-နံ့။
အနုယုဥ္ဇတိ = သုရာမေရယပါန-အရ လောဘမူရှိစေတနာ၊ အနုယုဥ္ဇတိ-
အရ ကြွင်းလောဘမူစိတ္တုပ္ပါဒ်။ သဟဇာတ။ ၄-၂-၂။
ပါပဓမ္မာ = ပါတိ ရက္ခတိ အတ္တာနံ အသ္မာတိ ပါပေါ။ ယုတ်မာသော။[၁]
ပါပေါ ဓမ္မော ပါပဓမ္မော။ ပါပဓမ္မော ဧတေသံ အတ္ထီတိ-ဓမ္မာ။
(နဲ) ပါပေါ ဓမ္မော ဧတေသံတိ ပါပဓမ္မာ။
အသညတာ = သညမန္တိ သံယမန္တီတိ ဝါ သညတာ။
န သညတာ အသညတာ။(ပန်း)
(နဲ) နတ္ထိ သညတာ ဧတေသန္တိ အသညတာ။
အဓမ္မော = န ဓမ္မော အဓမ္မော။ ဒေါသကိုကောက်။
စိရံ = ဒီဃကာလအနက်ဟော နိပါတ်ပုဒ်။[၂]
ဤနေရာ၌ စိရကာလံ-ဟု ဖွင့်သောကြောင့် အစ္စန္တသံယောဂ
အနက်၌ ဒုတိယာ အံသက်ပြီး သဗ္ဗာသဖြင့် ချေပါ။
စိရံ အဘိဏှံ အဘိက္ခဏံ မုဟုတ္တံ ဣစ္စာဒီဟိ အစ္စန္တသံယောဂ
လက္ခဏေ ဒုတိယာယ။[၄]
ဒုက္ခာယ = စတုတ္ထီ သ၊ တဒတ္ထသမ္ပဒါန်အနက်၊ သမ္ပဒါနေ စတုတ္ထီ။
ငရဲဒုက္ခစသော ဒုက္ခဟုဆိုအပ်သော ကာယိကဒုက္ခ, စေတသိက
ဒုက္ခတို့ကို ကောက်ပါ။
ရန္ဓယုံ = ရန္ဓဓာတ်+စုရာဒိ ဏယ+အဝ-ဥ။ မာယောဂေ-ဖြင့် သက်။
ဒုက္ခာယ ရန္ဓယုံ = ရန္ဓ-ဓာတ်အရ လောဘ, ဒေါသ၊ ဒုက္ခာယ-အရ ငရဲဒုက္ခ
များယူ၍ ပကတူပပြိုင်။

---

၁။သုစိ၊ ၂။ကောတ္တူဘာ၊ဓာပန်း-၃၁၇၊ ၃။ရူ-၁၃၆၊ ၄။နိရုတ္တိ-၁၅၅။

http://www.dhammadownload.com



## ၈။ တိဿဒဟရဝတ္ထု

ဩပါနဘူတံ= ဩသရိတွာ ပိဝန္တိ ဧတ္ထာတိ ဩပါနော။
ဩပါနောဝိယ ဘူတံ ဩပါနဘူတံ။ ဂေဟံ။[1]
ဩဂါဟေတွာ ပိယတေ ဧတ္ထာတိ ဩပါနော။ ဩပါနံ ဝါ။
ဂေဟသဒ္ဒါ "ဂေဟဋ္ဌာ နိတ္ထိ" ဟူသောဓာန်အရ ပုံ၊ နပုံကည်း။
ဩပါနဘူတံလည်း ဂေဟနည်းတူ ပုံ၊ နပုံတည်း၊ ဤ၌ နပုံလိင်သင့်။
ကတိပယေ= ကတိပယသဒ္ဒေါ ဟိ ဒွိတ်ဝါစကော ရုဠှီသဒ္ဒေါ။[2]
ဤပုဒ်ကို နီတိပဒ-၃၄၅ ၌ ဗဟုဝုစ်၊ ဒီ-ဋီ-၁၊ ၃၃၀၊ သိဒ္ဓိသစ်-၂၊ ၃၁၆၊ နီတိသုတ္တ-၁၃၉ တို့၌ ဧကဝုစ်ဆိုကြသည်၊ ဝုစ်နှစ်ပါးပင် ရကောင်းသော်လည်း ဗဟုဝုစ်အသုံးများသောပုဒ်ဟု မှတ်ယူသင့်သည်။[3] လိင်အားဖြင့် သုံးလိင်၊ ဤ၌ ပုံလိင်။
(နဲ) ကတိပိ နောင် သွတ္ထ၌ အယပစ္စည်းသက်လျှင် ကတိပယဟု ဖြစ်နိုင်၏၊ ထောမနိဓိ၊ တိပိဓာန်၌ "ကတိနောင် အယစ်ပစ္စည်း သက်၊ ပုက်အက္ခရာလာ၊ ဥက်အနုဗန်ချေ" ဟု ဆိုလေသည်။
ကတိပိနှင့် ကတိပယ၊ အဟနှင့် ဒိဝသတို့ ပရိယာယ်ဖြစ်သော ကြောင့် "ကတိပါဟန္တိ ကတိပယာနိ ဒိဝသာနိ" ဟု (ဝိ-၄-၁) သုဒိန္န ကဏ္ဍ၌ ဖွင့်သည်ဟု ဘာဋီ (ပါရာဘာ-၂ ၂၀၂)မိန့်သည်။
ဝိကတ္တေယျ= ဝိ-ကတ္တဓာတ်+သီလာယနေ-ချိုးမွမ်းခြင်း၌။
ဤ၌ ဝိ-ဥပသာရကြောင့် ကဲ့ရဲ့ခြင်းအနက်၌ဖြစ်၏။
ယထာသဒ္ဓံ=သဒ္ဓါယ အနုရူပံ ယထာသဒ္ဓံ။ (နဲ)သဒ္ဓံ အနတိက္ကမိတွာ-ဒ္ဓံ။
ယထာပသာဒနံ= ပသာဒနဿ အနုရူပံ ယထာပသာဒနံ။
ပသာဒနံ အနတိက္ကမိတွာ ယထာပသာဒနံ။
မင်္ကု= မင်္ကတိ နိတ္တေဇဘာဝံ ဂစ္ဆတီတိ မင်္ကု။ မကိဓာတ်၊ ဘူသနဂတိစလ

---

၁။ပါစိ-ယော-၃၅၃။ ၂။သိဒ္ဓိသစ်-၂၃၀၈၊အံသျ-၄၃၉၁။ ၃။ပါစိယော-၁၆၇,၈။ ၄။တိပိဓာန်

http://www.dhammadownload.com



နေသုံ၊ ဘူ၊ ဥ၊ မက်တိစသည်၊ တိလိင်၊ ဤ၌ ယော စ-ဟူသော ပုံလိင်သဒ္ဒါနှင့်ယှဉ်၍ ပုံလိင် ရတ္တာဒိ။

ဒေါသမူခွေးရှိ ဒေါမနဿဝေဒနာကောက်။[၁]

ပါနဘောဇနေ- ပါတဗ္ဗန္တိ ပါနံ။ ဘုဉ္ဇိတဗ္ဗန္တိ ဘောဇနံ။

ပါနဉ္စ ဘောဇနဉ္စ ပါနဘောဇနံ။

ဒိဝါ- ဒိဝါတိနိပါတသဒ္ဒေါ ပဌမာဒုတိယာသတ္တမိ။[၂]

(နဲ) ဒီယတိ ခီယတိ အန္ဓကာရော ဧတေနာတိ ဒိဝါ။ ဒီ-ခယေ၊ ဒိ၊ ဝ။

(နဲ) ဒိဗ္ဗတိ ဩဘာသတီတိ ဒိဝါ။ ဒိဝု-ကီဠာယံ၊ အ။[၂]

(နဲ) ဒိဗ္ဗန္တိ သတ္တာ ကီဠန္တိ ဇောတန္တိ ဧတ္ထာတိ ဒိဝါ။ ဒိဝု+အ။[၃]

နာမ်ပုဒ်ကြွက "ဒိဝ တည်၊ သို့သက်၊ အာဒိတော ဩ စ-၌ စသဒ္ဒါဖြင့် (နဲ)အညသ္မာ အာ စ(နီတိ-၂၁၉)သုတ်ဖြင့် သို့ကို အာပြု။

သမာဓိ- သမ္မာ သမံ ဝါ စိတ္တံ အာဒဓာတီတိ သမာဓိ။[၄]

ဥပစာ အပ္ပနာ, မဂ်ဖိုလ်သမာဓိကိုကောက်။

သမုဋ္ဌိန္န- ဥဋ္ဌိဋ္ဌိတ္ထာတိ ဥဋ္ဌိန္နံ။ သမ္မာ ဥဋ္ဌိန္နံ-န္နံ။ သံ-ဥ-ဆိဒိ+တ။

(နဲ) သမုဋ္ဌိဋ္ဌိတ္ထာတိ သမုဋ္ဌိန္နံ။ (ပန်း)

တော် သမုဋ္ဌိန္နံ- တော်အရ ဒေါသမူခွေးရှိ ဒေါမနဿဝေဒနာ၊ သမုဋ္ဌိန္နံ၌ ဓာတ်အရ အရဟတ္တမဂ်၊ ပကတူပ။

မူလယစ္စံ- ဟညတေတိ ယစ္စံ။ ဟန+ဏျ၊ ဟနကို ယာတပြု၊ ဏျကို စပြု၊ ဒွေဘော်လာ၊ ယာ၌ ရဿပြု။[၅]

မူလေ ယစ္စံ မူလယစ္စံ။ ကြိယာဝိသေသနအနက်၊ အံသက်။

(နဲ) ဟနနံ, ဟညတီတိ ဝါ ယစ္စံ။ ဟန+ယပစ္စည်း၊ ကိစ္စ ယစ္စ ဘစ္စ ဘဗ္ဗ လေယျာ-ဟူသော မောဂ်(၅၊၃၁)သုတ်ဖြင့် ယပစ္စည်းသက်၍ ယနှင့်တကွ ဟနဓာတ်ကို ယစ္စပြု။[၆] (နဲ)ဟနဓာတ်ကို ယစ်ပြု၊ ယကို စပြု၊ စ စသို့ကပ်။[၇]

---

၁။မဟာနိ-၄-၁၁၇၊ ၂။သုစိ၊ ၃။ဒီဋီ-၃၊၄၅၊ ၄။ရူ-၃၇၀၊
၅။ဂါထာ-သျ၊ ၆။နိရုတ္တိ-၅၃၅၊ ၇။ပဋ္ဌိကာ၊ပန်းကုံး။

http://www.dhammadownload.com



(နဲ) မောဂ်(၅၊၃၁) သုတ်ဖြင့် ယသက်၊ ဟနကို ယစ်ပြု၊ စ် ယသို့ကပ်၊ ဈကို စပြု၊ ဒွေဘော်လာ။[၁]

ကစ္စည်းအလို "ဟန-ကရမှာ ရိစ္စ-၌ ရိစ္စဟူသော ယောဂဝိဘာဂဖြင့် ရိစ္စသက်၊ ဟနဓာတ်ကို ယာတပြု၊ ရမှိ ရန္တော ရာဒိနော-ဖြင့် ရအနုဗန်နှင့်တကွ ဓာတွန်တကိုချေ(ယာ+က္ကစ္စ)ဝါ ပရော-ဖြင့် နောက်က္ကကိုချေ၊ ယာဒ္ဒ ရသပြု။"

ယစ္စံ၌ ကမ္မသာဓ်ပြုခိုက် ဗာဟုစ္တအရ အဝိဇ္ဇာ,တဏှာ၊ အန္တဝ္ထအရ အရဟတ္တမဂ်ဉာဏ်၊ ပကတူပ။

သမ္မုဟတံ၊ သမ္မုဟနိတ္ထာတိ-တံ။ သံ-ဉ-ဟန+တ၊ ဥကို ဒီယပြု။[၂]

နီတိသုတ္တ-နှာ ၂၆၅ ၌ "မဇ္ဈေဝိပရိတော သမုဟတော က္ကစ္စာဒိ" ဟု "သံ-အဝ-ဟန+တ၊ အဝကို ဩ၏ ဝိပရိတ် ဥပြု၍ သမုဟတပြီးသည်၊ ဩကာရဝိပရိတောတိ ဥကာရသောတံ အဓိဝစနံ။[၃]

မှတ်ချက်။ ။ကျမ်းညွှန်း၌ နီတိသုတ္တ-၈၅၉ အလိုမှ "သမုဟတော"ဟု ပြီးကြောင်း ပြဆိုသော်လည်း နီတိသုတ္တစာကိုယ်၌ "သမူဟတော" ဟုသာ တွေ့ရ၏၊ ဤနေရာ၌ သုတ္တနိဿယဝယ် စာကျကြောင်းမှာထား၏၊ နီတိသုတ္တ "ဉဝဏ္ဏော စ" ၂၆-သုတ်ကို ထောက်ထား၏၊ ဝိပရိတကာရိယကို ပြရာ၌ ၁။အာဒိဝိပရိတ။ ၂။မဇ္ဈဝိပရိတ-ဟု ၂-မျိုးပြ၏၊ ဝိပရိတအရလည်း ၂၆-သုတ်အရ ဉ, ဦ နှစ်မျိုးလုံး ယူ၍ ဉအတွက် "ဉညာတံ" (အာဒိ)၊ "သမုဟတော"(မဇ္ဈ)၊ ဦအတွက် "ဦဟတော"(အာဒိ)၊ "သမူဟတော"(မဇ္ဈ)-ဟု နှစ်မျိုးလုံး ပြဆို၏၊ ထိုကာရိယနှစ်မျိုးလုံး နီတိစာကိုယ်၌ မပါ၊ ရူ-၄၆ သုတ်အရ ဥကိုသာယူလိုကလည်း နီတိ၏ ဤအဆိုကို ချန်လှပ်ထားခဲ့ရမည်၊ သမ္ဘူဟတ-ပုဒ်ကို ထောက်က ဉ-ဉပသာရနှင့်ပြီးသော "သမူဟတ"ဒီယပါဠိ ပိုကောင်းကြောင်း ကျမ်းညွှန်း မိန့်သည်။

---

၁။ကစ်ဘာဋီ-၂၄၅၆။ ၂။ပန်းကုံး။ ၃။ကျမ်းညွှန်း။

http://www.dhammadownload.com



ဇတ္တေ စ ဥညာတန္တိ ပဌမံ အဝသဒ္ဒဿ ဩကာရာဒေသော၊ ပစ္ဆာ ဩကာရဿ ဥကာရာဒေသော ဒဋ္ဌဗ္ဗော၊(တထာ ဥပဟတော တိ ဇတ္တေ ဩကာရဿ ဥကာရာဒေသော ဒဋ္ဌဗ္ဗော၊မဇ္ဈေဝိပရိတော သမုပဟတောတ္တစ္စာဒိ။) တထာ ဦပဟတောတိ ဇတ္တေ ဩကာရဿ ဦကာရာဒေသော၊ မဇ္ဈေဝိပရိတော သမူပဟတောတ္တစ္စာဒိ။

(နဲ) ဦပဟညိတ္ထာတိ ဦပဟတံ။ သမ္မာ ဦပဟတံ သမူပဟတံ။

တဟျတ္တအရ ဒေါသမူဒွေးရှိ ဒေါမနဿဝေဒနာ၊ အန္တပ္ပဿအရ အရဟတ္တမဂ်ပညာ၊ ပကတူပ။

## ၉။ ပဥ္စသတဥပါသကဝတ္ထု

နိဒ္ဒါယိ= နိ ပုဗ္ဗ ဒါဓာတ်၊ သောပ္ပေ၊ ဒိဝါဒိ ယ၊ အဇ္ဇ ဤ။[၁]

သောခနေ သုဒ္ဓ သောပ္ပနတ္ထတို့၌ ဒိဝါဒိ၊ ဒါနတ္ထ၌ ဘူ, ဒိ-ဟု သဒ္ဒနီတိ ဆို၏၊ လောကီကျမ်း၌ကား ဘူ-ချည်းသာ ဆို၏၊ အာကာရန္တာန မာယော-သုတ်ဖြင့် စီရင်။(ဓာတွတ္ထ)

(နဲ) နိ-ဒါ+ဤ။ အာကာရန္တာန မာယော-၌ အလိုက်ကြဉ်သော ဝိနာ ဓိကာရယောဂဝိဘာဂဖြင့် ဒါ၏ အာကို အာယပြု၊ ဤကို ရဿပြု၊ ယခွင်းချေ ကပ်၊ ဒ်လာ။

မှတ်ချက်။ ရူဘာဋီ၌ အာယပြုရာဝယ် ယ၌ သရပါဖွယ်မရှိပြီ-ဟု ဆို၏။

(နဲ) နိ-ဒေ-သောပ္ပနေ၊ ဘူဝါဒိ၊ ဤ။ ဧကို အာယပြု။[၂]

သပ္ပယောနိယံ= ဘူမိဖုဋ္ဌေန ဂစ္ဆေန သပ္ပတိ ဂစ္ဆတီတိ သပ္ပော။ သပ္ပ+အ။

သပ္ပဿ ယောနိ သပ္ပယောနိ။ တာယံ-သပ္ပယောနိယံ။ ထိ, ပုံ။

နိဒ္ဒါယ= နိပုဗ္ဗော ဒါ၊ သုပနေ၊ အ၊ အာ။[၃]

(နဲ) နိဒီယတေ ဇိဂုစ္ဆီယတေတိ နိဒ္ဒါ။ နိဒ+အ+အာ။[၄]

---

၁။နိတိဓာ-၂၂၆။ ၂။နိရုတ္တိ-၄၀၂။ ၃။ဓာန်ဋီ-၁၇၆။ ၄။ဓာပန်း-၂၉၄။

http://www.dhammadownload.com



(နှဲ) နိန္ဒိယတီတိ နိဒ္ဒါ။ နိန္ဒ-ဂရဟာယံ၊ ဒက်၊ အာ။ နချေ။[၁]
(နှဲ) နိဒိဓာတ်+ကုစ္ဆာယံ၊[၂] ဒ+အာ။ ,ရုန္တူဒါဒီဟိသုတ်။
တိတ္တိ• တိပ (နှဲ)တိပိ-ပီဏနေ၊ ဒိဝါဒိ၊ တိ၊ ဘုဇာဒိ။[၃]
(နှဲ) တိသ-ဘူ၊ တိတ္တိယံ၊ တိ။[၄]
ဂဏ္ဍုပ္ပာဒယောနိယံ•ဂဏ္ဍံ ဝစ္စသန္နိစယံ ဥပ္ပာဒေတီတိ ဂဏ္ဍုပ္ပာဒေါ။[၅]
ဂဏ္ဍ-ဥ-ပဒ ဓာတ်+ဏ။ ဆက်။
မက္ကဋယောနိယံ• မက္ကတိ စလတီတိ မက္ကဋော။ မက္က+အဋ။[၆]
(နှဲ) မကတိ စလတီတိ-ဋော။ မကိ-စလနေ၊ တ၊ ဋပြု။[၇]
(နှဲ) မရ-ပါဏစာဂေ+အဋ။ ရကို ကပြု။[၈] ဆက်။
နက္ခတ္တပါဠကော• နက္ခတ္တံ ပဠတီတိ-ကော။ နက္ခတ္တ-ပဠ၊ ဝါစာယ၊ ဏွု။
ရာဂသမော• ရာဂေန သမော ရာဂသမော။
ဂဟော• ဂဏှာတီတိ ဂဟော။

## ၁၀။ မေဏ္ဍကသေဋ္ဌိဝတ္ထု

သုဝဏ္ဏမေဏ္ဍကေ• မေဏ္ဍန္တိ ကုဋိလဘာဝံ ဂစ္ဆန္တီတိ မေဏ္ဍကာ။
မေဍိ (မေဏ္ဍ)ဓာတ်၊ ဝင်္ကေ, ကုဋိလေ ဝါ၊ က။[၉]
သုဝဏ္ဏာ စ တေ မေဏ္ဍကာစာတိ သုဝဏ္ဏမေဏ္ဍကာ။
ဂေဏ္ဍုကာ• ဂုဍိ-ဝေဌနေ၊ ဏုကော၊ ဂုဏ် ဥကို ဧပြု။
(နှဲ) ဂုဒ-ကီဠာယံ ဝါ၊ ဒကို ဏ္ဍပြု။[၁၀] ချည်ထုံး, ချည်လုံး။ (ဦးဟုတ်စိန်)
ကုဋ္ဌရသာလံ• သလန္တိ ပဝိသန္တိ ဧတ္ထာတိ သာလာ။[၁၁] သလ-ပဝိသနေ+
အ+အာ။ ကုဋ္ဌရော စ သော သာလာစာတိ-လာ။
ဝိသေသနပုဗ္ဗပဒကမ္မဓာရည်း၊ မြတ်သောစရပ်ကို-ဟုပေး။

---

၁။မောဂ်-၇၊၉၆။ ၂။ရူ-၄၁၄။ ၃။ဓာန်ဋီ-၄၆၈။ ၄။ဓာပန်း။ ၅။ဓာန်ဋီ-၆၇၅။ ၆။မောဂ်-၇၊၅၃။
၇။သူစိ။ ၈။ဓာန်ဋီ-၆၁၄။ ၉။ဓာတွတ္ထ၊ဓာတု-ဒီပနီ။ ၁၀။ဓာန်ဋီ-၃၁၆။ ၁၁။ဓာတု-ဒီပနီ။

http://www.dhammadownload.com



မှတ်ချက်။ သတ္တရတနမယံ ကုဋ္ဌရသာလံ-ဟု "သတ္တရတနမယ"ကို ဝိသေသနလုပ်ထားသည့်အတွက်ရင်း၊ ကုဋ္ဌရန္တိ ဥတ္တမံ(ဇာဋ္ဌ-၄၊၂၃၃)၊ ကုဋ္ဌရန္တိ သေဋ္ဌံ(ဇာဋ္ဌ-၆၊၁၀၁)-ဟု အဖွင့်တို့ရှိသည့်အတွက်ရင်း၊ ကုဋ္ဌရ-ကို အမြတ်ဟော ဥတ္တမတ္ထဟုယူလိုက်သည်၊ ရှေးနိဿယ၌ကား "ကုဋ္ဌရသာလံ-ကုဋ္ဌအမည်ရှိသော စရပ်ကို၊ ဝါ-ရွှေစရပ်ကို" ဟု ပေး၏။

သီဟကုဋ္ဌရ သဒ္ဒူလ.ဒိတုသမာသဂါ ပုမေ(ဓာန်-၆၉၆)အရ သီဟ, ကုဋ္ဌရ, သဒ္ဒူလ-စသော သဒ္ဒါတို့သည် သမာသ်၌တည်ကုန်သော်သာ အမြတ်ဟူသောအနက်ကို ဟောကုန်သည်ဖြစ်၍ ပုလ္လိင်၌ ဖြစ်ကုန်၏-ဟု ဆို၏။

သမာသ်၌လည်း နောက်ပုဒ်အဖြစ် လာကုန်၏၊-ဟု အမရကောသအဆိုကို ဓာန်ဋီ၌ ထုတ်ပြ၏၊ ဤ၌ကား ရှေ့ပုဒ်အဖြစ်လာ၏-ဟု ယူပါ။

သမာသဂါ ကမ္မဓာရယသမာသေ ဥတ္တရပဒဘူတာ သေဋ္ဌတ္ထဝါစကာ ပုမေဝ ဘဝန္တိ၊ ယထာ-သကျသီဟော၊ ကဝိကုဋ္ဌရော။

(ဆောင်) သီဟ ကုဋ္ဌရ, သဒ္ဒူလ.ဗျဂ္ဃ ပုင်္ဂဝါ။
နာဂ.သဘ, အာဇညေ, အဋ္ဌ ဤသဒ္ဒါ။
နရာဒိမှ, နောက်၌ပြ, သေဋ္ဌဝါစကာ။
ဝိသေသန, နောက်ပဒ, ကမ္မဓာရယာ။
ဥတ္တရသ္မိံ ပဒေ ဗျဂ္ဃ.ပုင်္ဂဝေါသဘ ကုဋ္ဌရာ၊
သီဟသဒ္ဒူလနာဂါဒျာ.ပုမေ သေဋ္ဌတ္ထဂေါစရာ။

ဆာတကာဘယေ-ခါဒတီတိ ဆာတော။ ခါဒ-ဘက္ခဏေ၊ ခကို ဆပြု၊ ဒကို ချေပါ။ (နဲ)ဆာတိ ခုဒတီတိ ဆာတော။ ဆာ-ခုဒါယံ၊ တ။[၁]

---

၁။ဓာတု-ဒီပနီ။

http://www.dhammadownload.com



ဆာတောယေ၀ ဆာတကော။ ဆာတ-သွတ္ထ က။[၁]

ဆာတကော ဘယံ-ယံ။ (နဲ)ဆာတကောယေ၀ ဘယံ-ယံ။

ဘိတ္တိယော- ဘိဒိယန္တိ ဒွိဓာကရီယန္တီတိ ဘိတ္တိယော။ ဘိဒိ+တိ။

သီတာယော- သေန္တိ ဗန္ဓန္တိ ယရာဝါသံ တောဟီတိ သီတာယော။

သိဓာတ်+တက်၊ အာ၊ ဒီယပြု။[၂] (နဲ)သိ-သယေ၊ တ၊ အာ။[၃]

ဥက္ခလိ- ဥခတိ ဂစ္ဆတီတိ ဥက္ခလိ။[၄] ဥခ-ဂမနေ+အလ၊ နဒါဒိ ဤ၊ ရဿပြု။

(နဲ) ဥသတိ ဒဟတီတိ ဥက္ခလိ။ ဥသ+က္လ၊ ဥသိသ္မာ က္လဿ ခလုဉ်-ဟူသော မောဂ်သုတ်ဖြင့် က္လပစ္စည်း၏ အစ၌ ခလ လာ။[၅]

(နဲ) ဥသု-ဒါဟေ+အ၊ သကို ခလပြု၊ ဤသက်။[၆]

မှတ်ချက်။ မောဂ်အလို က္လကာရန္တ၊ ဓာန်ဋီ,သူစိတို့အလို ဤကာရန္တ-ဟု ကာရန္တ နှစ်မျိုး ယူနိုင်၏။

ပိဒဟိ- အပိ-ဓာ+က္လံ။ ဒွေဘော်လာ၊ အတ္တာသမှည့်၊ ရဿပြု၊ ဒပြု၊ တေသု ဝုဒ္ဓိ-ဖြင့် အပိ၌ အကိုချေ၊ ကွစိဓာတုဖြင့် ဓကိုဟပြု၊ ရဿပြု။[၇]

ပိဓာနံ-အပိဓရတိ အာဝုဏောတီတိ ပိဓာနံ။ အပိ-ဓရဓာတ်၊ အာဝရဏေ၊ ယုပစ္စည်း၊ အပိ၌ အကိုချေ။[၈]

သုဒဿံ- သုခေန ပဿိတဗ္ဗန္တိ သုဒဿံ။ သု-ဒိသ+ခ။[၉]

ဝဋ္ဋံ- ဝဒိတဗ္ဗန္တိ ဝဋ္ဋံ။ ဝဒ+ဏျ၊ ကာရိတ်မှည့်၊ ဏ်အနုဗန်ချေ၊ ကာရိတ်ပစ္စည်းကြောင့် ဝ၏ အကို အာဝုဒ္ဓိပြု(ဝါဒ်+ယ)ဝဒမဒဂမုစသော သုတ်ဖြင့် ဓာတွန်ဒ်နှင့်တကွ ဏျကို (ယ-ကို) ဋ္ဋပြု၊ ကွစိဓာတုသုတ်ဖြင့် ဝါ၌ ရဿပြု။ (ဤရုပ်၌ ဏအနုဗန်ချေ၍ ကျန်သောယကို ဘူတပုဗ္ဗဂတိက နည်းဖြင့် ဏျ-ဟု ခေါ်ရသည်)[၁၀]

(နဲ) ဝဋ္ဋီယတေတိ ဝဋ္ဋံ။ ဝဋ္ဋ-ဝဋ္ဋနေ၊ ဘူ, စု၊ အ။[၁၁]

ဩပုနာတိ- အဝ-ပုဓာတ်၊ သောဓနေ၊ နာ+တိ။ ဘူ, ကီ။ ပဝတိ, ပုနာတိ စသည် စဉ်။ ပူဓာတ်ယူကလည်း အသင့်ပင်။

---

၁။သိဒ္ဓသ-၂၁၈၆။ ၂။သူစိ။ ၃။မောဂ်-၇၊၈၄။ ၄။ဓာန်ဋီ-၄၄၉။ ၅။ဓာန်ဋီ-၄၅၆။
၆။မောဂ်-၇၊၈။ ၇။ရူ-၃၀၆။ ၈။ဓာန်ဋီ-၅၀။ ၉။ရူ-၃၇၃။ ၁၀။ရူ-၃၄၄။ ၁၁။ဓာ-ပန်း-၄၆၄။

http://www.dhammadownload.com



ဘုသံ = အဘာဝိတိ ဘုသံ။ ဘူ-သတ္တာယံ၊ သက်၊ ရဿပြု။[၁]
ကီတဝါ- ကေတတီတိ ကီတဝေါ။ ကိတ-နိဝါသေ၊ အဝ။[၂]
(နဲ) ကီတဝံ အဿ အတ္ထီတိ ကီတဝေါ။ ကီတဝ+ဏ။[၃]
(နဲ) ကီဏုတေ ကီတံ။ ကီတေန ဝါတီတိ-ဝေါ။[၄] ကိတ-ဝါဓာတ်+အ။
(နဲ) ကေတိ ဥဒ္ဒံ ဂစ္ဆတီတိ ကိတော။ ကိ+တ။ သစ်ခက်။
ကီတေန ဝါယတိ ဗန္ဓတီတိ-ဝေါ။ ကိက-ဝါဓာတ်+က။[၅]
(နဲ) ကီတေန ဝါတီတိ-ဝါ။ သစ်ခက်ကျိုးစသော ဖုံးကွယ်ကြောင်းဝတ္ထု။
ကီတဝါဝိယာတိ ကီတဝါ။ ဥပမာတဒ္ဓိတ်ကြံ။[၆]

လိင်စိစစ်ချက်။ သဒ္ဒါကျမ်း၊ ပါဠိသက္ကတအဘိဓာန်ကျမ်းတို့၌ ပုံလိင်ဖြင့် ချည်း ရှိ၏၊ ကောတ္ထုဘအဘိဓာန်၌ကား ဣတ္ထိလိင်ကို လည်း တွေ့ရသည်၊ ထို့ကြောင့် ကီတဝါကို အဘိဓေယျလိင်သို့ လိုက်သည် ဟု ယူလျှင် "ဟိမံ ဝမတီတိ ဟိမဝါ"ဟု ပြုရသော ဟိမဝါကဲ့သို့ ရာဇာဒိဂိုဏ်း ထုံးစံအရ သျှာ စ-သုတ်ဖြင့် သိဝိဘတ်ကို အာပြု၍ပြီးသည်ဟုရင်း၊ ထို့ပြင် လိင်္ဂဝိပလ္လာသဟု ရင်း၊ သဒ္ဒလိင်ဟု ယူလျှင် ကောတ္ထုဘဆိုသကဲ့သို့ မာလုဝါ နှင့် အလားတူ ဣတ္ထိလိင်ဟု ယူရာ၏။[၆]

သဌော- သဌယတီတိ သဌော။ သဌ-ကေတဝေ၊ အ။[၇]

## ၁၁။ ဥဇ္ဈာနသညိတ္ထေရဝတ္ထု

ပရဝဇ္ဇာနုပဿိဿ=ပရေသံ ဝဇ္ဇံ ပရဝဇ္ဇံ။ အနုပဿတိ သီလေနာတိ-သီ။ အနု-ဒိသ+ဏီ။ ပရဝဇ္ဇံ အနုပဿသီ ပရဝဇ္ဇာနုပဿီ။

ပြိုင်- ပရဝဇ္ဇအရ သူတစ်ပါးတို့၏ အပြစ်ဟုဆိုအပ်သော အကုသိုလ်သည်၊ ဝါ-ဖော်ပြန်သော ကာယပယောဂ, ဝစီပယောဂသည်၊ အနုပဿီအရ ဒေါသမူစိတ္တုပ္ပာဒ်အား အာရမ္မဏ။ (နဲ)ပကာတူပ။

၁။မောဂ်-၇၊ ၂၁၅။ ၂။မောဂ်-၇၊ ၂၀၀။ ၃။ဓာန်ဋီ-၅၃၁။ ၄။ပါရာဘာ-၃၊၄၁၅။
၅။ပန်း။ ၆။ဂါထာသျှ။ ၇။ဓာန်ဋီ-၇၃၇။

http://www.dhammadownload.com



ဥဿုာနသညီနော- ဥဿုာယန္တိ တေနာတိ ဥဿုာနံ။ ကဲ့ရဲ့ကြောင်းစိတ်။

(နဲ) ဥဿုာယတေ ဥဿုာနံ။ ကဲ့ရဲ့ခြင်း။ ဘဝ-ဈေ+ယု။
ဥဿုာနေ သညာ ဥဿုာနသညာ။

(နဲ) ဥဿုာနဝသေန ပဝတ္တာ သညာ-ညာ။
ဥဿုာနသညာ အဿ အတ္ထီတိ ဥဿုာနသညီ။

အာသဝါ- အဒိပ္ပန္နပါဠိပဒိကနာမ်ပုဒ်။[၁]

(နဲ) စက္ခာဒိတော အာသဝန္တီတိ အာသဝါ။ အာ-သု+ဏ။
စက္ခုစသော ဒွါရခြောက်ပါးတို့မှ ယိုစီးတတ်ဖြစ်တတ်သော တရား။

(နဲ) ဘဝတော အာ ဘဝဂ္ဂံ, ဓမ္မတော အာ ဂေါတြဘုံ သဝန္တီတိ-ဝါ။
ဘုံအားဖြင့် ဘဝဂ်(နေဝသညာ)တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင်(အာရုံပြုသောအားဖြင့်)ဖြစ်တတ်သောတရား။
ဤနည်း၌ အာသဒ္ဒါ အဘိဝိဓိအဝဓိ အနက်ဟောတည်း။

(နဲ) အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ။[၂]
အာယတ-သု+ဏ။ ရှည်စွာသော သံသရာဆင်းရဲကို ဖြစ်ပွားစေတတ်သော တရား။

ပြိုင်- အာအရ မဟာကု-ဉာသံ ၄-ပါးဟူသော ဂေါတြဘုတိုင်အောင်သောတရားစုသည် သဝအရ လောဘ, ဒိဋ္ဌိ, မောဟတို့အား အာရမ္မဏဖြင့် ကျေးဇူးပြု။(ဒုတိယနည်း)

(နဲ) နောက်ပုဒ်၌ သုဓာတ်အရ လောဘ, ဒိဋ္ဌိ, မောဟသည်၊ ရှေ့ပုဒ်(အာယတ)အရလောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီစိတ်, စေတသိက်, ရုပ်တရားတို့အား ပကတူပ။

(နဲ) အာယတအရ ဆိုင်ရာသမ္ပယုတ်နှင့် သဟမျိုးလည်းပြိုင်ပါ။

အာသဝက္ခယာ- ခေပေတိ ပါပဓမ္မေတိ ခယော။
အာသဝါနံ ခယော အာသဝက္ခယော။ အရဟတ္တမဂ်ယူ။[၃]

---

၁။ ဋ-၂၂၂၈။ ၂။ မဋ္ဌ-၁၆၁၃။ ၃။ ဒီဋီ-၁၂၆၉။

http://www.dhammadownload.com



(နဲ) ခီယန္တိ ဧတေနာတိ ခယော။ ဆက်။
ပြိုင်း အာသဝအရ အာသဝ ၄-ပါး၊ ခယအရအရဟတ္တမဂ်၊ ပကတူ။

## ၁၂။ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု

ကုသိနာရာယံ - ကုသော ယဿာတိ ကုသီ။ သမန်းမြက်ရှိသူ။

ကုသီ နရော ယဿံတိ ကုသိနာရာ။ နဒ္ဒ ဒီဃပြု။

ကုသိနာရုံမြို့၏ အနီး၌၊ သို့ကို သမီပတ္တဒ္ဒ သက်ပါ။

(နဲ) ကုသီ နရော ကုသိနရော။

ကုသိနရံ ဒဿနဋ္ဌာနေ မာပိတာ ကုသိနာရာ။

သမန်းမြက်ရှိသူကို မြင်ရာအရပ်၌ တည်ထောင်ဖန်ဆင်းအပ်သောမြို့။

(နဲ) ကုသော ဟတ္ထမှိ ယဿာတိ ကုသဟတ္ထော။

ကုသဟတ္ထော နရော ကုသနရော။ ကုသဟတ္ထ+နရ။ ဟတ္ထပုဒ် အကျေကြေ။ လက်၌သမန်းမြက်ရှိသော လူ။

ကုသနရံ ဒဿနဋ္ဌာနေ မာပိတာ ကုသိနာရာ။ ကုသနရ+ဏ။

လက်၌သမန်းမြက်ရှိသောလူကို မြင်ရာအရပ်၌ တည်ထောင်ဖန်ဆင်းအပ်သောမြို့။သဒ္ဒ အကို ဣပြု။ (နောက် ၂-နည်း၊ နောမတိ)

ဥပဝတ္တနေ- ဥပေစ္စ ဝတ္တန္တိ ဂစ္ဆန္တိ ဧတေနာတိ ဥပဝတ္တနံ။[၂]

အာကာသေ- ဘုသံ ကာသန္တေ ဒိပ္ပန္တေ ပဒတ္ထာ ဧတေနာတိ အာကာသော။

အာ-ကာသု+အ၊ ပုံ, နပုံ။

(နဲ) န ကဿတိ န ဝိလေခီယတီတိ အာကာသော။[၃]

(နဲ) န ကာသတိ ဒိပ္ပတီတိ အကာသံ။ န-ကာသု+အ။

အကာသမေဝ အာကာသံ။ အကာသ+ဏ။[၄]

---

၁။ပါရာဇိကဋ္ဌ-၁၄၁။ ၂။သာရတ္ထ-၁၊၂၈။ ၃။ဓာန်ဋီ-၄၅။ ၄။ဝိသုဒ္ဓိဋီ-၂၈၈။

http://www.dhammadownload.com



(နဲ) န ကသိယတိ န ဝိလေခီယတီတိ အကာသော။
အကာသောယေဝ အာကာသော။

ပဒံ = ပဇ္ဇတိ ဂစ္ဆတိ ဧတေနာတိ ပဒံ။ ခြေရာကိုကာရဏူပစာအားဖြင့်ယူ။

ဗာဟိရေ- ဗဟိ ဇာတံ ဗာဟိရံ။ ဗဟိပုဒ်+ဏျရဏ်ပစ္စည်း။

(နဲ) အဗျယနိပါတ်ပုဒ်။

ပပဉ္စာဘိရတာ-အဘိရမတီတိ အဘိရတာ။ (နဲ)အဘိရမိတိ-တာ။(ပန်း)
ပပဉ္စေသုဧဝ အဘိရတာ ပပဉ္စာဘိရတာ။ (ပဇာ)

ပြိုင်- ပပဉ္စအရ လောဘမူရှိ တဏှာ, မာန, ဒိဋ္ဌိ၊ အဘိရတာအရ လော
ဘမူသောမနဿ။ ယထာရဟခွဲကောက်၍ သဟပြိုင်ပါ။

သင်္ခတာ= သဒါ သရန္တိ ဂစ္ဆန္တီတိ သသတာ။ သဒါ-သရဓာတ်၊ ဂတိယံ၊
တ၊ ရကာရော စ-ဖြင့် ရကိုချေ၊ တေသုဖြင့် သဒါကို သပြု။

(နဲ) သဿန္တီတိ သဿတာ။ သဿ-သာတစ္စေ+တ။

(နဲ) သဿတေ နိစ္စေ ဘဝါ သဿတာ။ သဿတ+ဏ။ (သူစိ)

ဣဉ္ဇိတံ- ဣဉ္ဇတီတိ ဣဉ္ဇိတံ။ (နဲ) ကရဏ, ဘာဝဆိုပါ။

၁၉။ ဝဂ္ဂ္ဂဝဂ်
၁။ ဝိနိစ္ဆယမဟာမတ္တဝတ္ထု

လဥ္ဇ = လဇ္ဇတေ ဒီယတေတိ လဉ္စော။ လဇိဓာတ်+အ၊ ပုံလိင်။

မှတ်ချက်။ "တံစိုးလာဘ်"၊ ဤပုဒ်သည် ပိဋကတ်၌ "လဥ္စ, လဥ္ဇ"ဟု ရှိသော်
လည်း အဘိဓာန်၌ မရှိ၊ တံစိုးပေးသည်, လာဘ်ထိုးသည်-ဟူသော
မြန်မာစကားအရ "လဒ္ဓ"ပုဒ်မှ "လဥ္စ, လဥ္ဇ"သို့ ဖျက်နေလေသလော၊
တွေးတောဖွယ်လည်းရှိ၏၊ စစ်ဆေးပါကုန်။[၁]

---

၁။ဝိသုဒ္ဓါရုံပိဋကအဘိဓာန်-၃၊၂၆၆။

http://www.dhammadownload.com



သာဟသား သဟယုတီတိ သဟော။ သဟ-ခန္တီယံ၊ ဒိ , စု+အ။
(နဲ) သဟတိ အဘိဘဝတီတိ-ဟော။ သဟ-ခန္တာဘိဘဝေ၊ ဘူ၊ အ။
သဟသာ ဗလေန နိဗ္ဗတ္တော သာဟသော။[၁]
(နဲ) သဟသာ ပဝတ္တိတော သာဟသော။[၂]
(နဲ) သံ သုဋ္ဌု ဟိံသတိ အဘိဘဝတီတိ သာဟသော။ သံ-ဟိံသ+အ။
နိဂ္ဂဟိတ်တို့ကိုချေ၊ သ၌ ဒီဃပြု၊ ဣကို အပြု။[၃]
ဒူရန္တိကသုတ်၌ စသဒ္ဒါဖြင့် ဟတိယာအနက် ပဥ္စမီသက်။
(နဲ) အပါဒါနေ ပဥ္စမီ၌ ပဥ္စမီဟူသော ယောဂဝိဘာဂဖြင့်သက်။
(နဲ) ကရဏေ တတိယာဖြင့် ကရိုဏ်းအနက် နာသက်၊ တတောအလိုက်
ကြဉ်သော "နာ အာ"ဟူသော ယောဂဝိဘာဂဖြင့် နာကို အာပြု။
မှတ်ချက်။ ကျမ်းညွှန်း၌ ဤပုဒ်ကို ပဥ္စမျန္တ၌ သွင်း၏၊ နောက်ဂါထာလာ
"အသာဟသေန"ကို ထောက်က တတိယန္တယူခြင်းက သာ၍
ကောင်းသည်။[၄]
ဥဘော။ ဥဘတည် ယောသက်၊ တတော ယောနမောတု-၌ တုသဒ္ဒါဖြင့်
ယောကို ဩပြု။
(နဲ) ဒွိတည် ယောသက်၊ ယောသု ဒွိန္နံ ဒွေ စ-၌ စသဒ္ဒါဖြင့် ဒွိသဒ္ဒါကို
ဥဘပြု၊ ယောကို ဩပြု။
နိစ္ဆေယျ။ နိ-စိ+အ+ဧယျ။[၅]
(နဲ) ဝိနိစ္ဆိနိတွာ-ဟု ဖွင့်သောကြောင့် နိ-စိဓာတ်၊ ကိယာဒိ နာ၊ တွာ၊
နာဿလောပေါ ယကာရတ္တံ-ဖြင့် နာချေ၊ သဗ္ဗေဟိ တုနာဒိနံ ယော
ဖြင့် တွာကို ယပြု၊ အညေသု စ-ဖြင့် ဣကို ဧပြု၊ ယဒွေဘော်လာ၊
စကို ဆပြု၊ ဒွေဘော်လာ။
ဓမ္မေန။ အန္ဒယအားဖြင့် ဝိနိစ္ဆယဓမ္မ၊ ဇာတိရေကအားဖြင့် အဂတိ ၄ ပါး။
ဓမ္မဿ ဂုတ္တော။ ဒုတိယာ ပဥ္စမီနဥ္စ-ဖြင့် ဒုတိယာအနက်၊ ဆဋ္ဌီသက်။

၁။ပန်းကုံး။ ၂။သီဘာ-၁၁၀၇။ ၃။ဓမ္မဋီ-၂၄၉။ ၄။ဂါထာသျှ။ ၅။ပန်းကုံး။

http://www.dhammadownload.com


(နဲ) ဆင္ဂီ စဖြင့် တတိယာ(ဆင္ဂီကတ္တား)အနက်၊ ဂုတ္တော၁ှ် ကံပြော တ ပစ္စည်းအယှဉ်၊ ဆင္ဂီသက်။ ဤအလို "ဓမ္မဿ-သည်၊ ဂုတ္တော-စောင့်ရှောက်အပ်သော"ဟု ပေး။[၁]

## ၂။ ဆဗ္ဗဂ္ဂိယဝတ္ထု

ယာဝတာ၊ ယံ ပရိမာဏံ အဿာတိ ယာဝါ။ တေန ယာဝတာ။

ယ+အဿပရိမာဏအနက်၊ အာဝန္တု။ ယဒနုသုတ်၊ ပုံဂုဏဝါဒိ၊ နာသက်၍ ဂုဏဝတာကဲ့သို့ စီရင်။

(နဲ) ပရိစ္ဆေဒတ္ထနိပါတ်။

ယာဝတာ တာဝတာ ယာဝ, တာဝ ကိတ္တာဝတာ တထာ၊
ဧတ္တာဝတာ စ ကီဝေတိ, ပရိစ္ဆေဒတ္ထ ဝါစကာ။[၂]

ဗဟု ဘာသတိ၊ ဗဟုံ+ဘာသတိ။ ဆန်းကြောင့် နိဂ္ဂဟိတ်ချေ။

ခေမိ၊ ခေမော ယဿ အတ္ထီတိ ခေမီ။ ခေမ+ဤ။[၃]

အဘယော၊ နတ္ထိ ဘယံ ဧတဿာတိ အဘယော။[၄]

(နဲ) နတ္ထိ ဘယံ ယဿာတိ-ယော။

(နဲ) ဘာယိတဗ္ဗောတိ ဘယော။ န ဘယော အဘယော။[၅]

## ၃။ စေတဒ္ဒနတ္ထေရခီဏာသဝဝတ္ထု

အဓိစေတသော၊ အဓိကော စေတော ယဿာတိ အဓိစေတော။ တဿ။

စိတ်အားလုံးထက် လွန်မြတ်သော အရဟတ္တဖိုလ်စိတ်ရှိသော။
အဓိ-စေတအရ အန္ဒယအားဖြင့် အရဟတ္တဖိုလ်စိတ်၊ ဗျတိရေက အားဖြင့် ဝိပဿနာ၏ အခြေခံ သမာပတ် ၈ ပါး။[၁]

ပြိုင်၊ သမာသ်ပုဒ်အရ အရဟတ္တဖိုလ်စိတ်၊ အညပုဒ်အရ စေတသိက်

---

၁။မောဂ်သျှ-၁၂၇၃။ ၂။ဓာန်-၁၁၄၁။ ၃။ပန်းကုံး။ ၄။ဂါထာသျှ။ ၅။ပါစိယော-၅၀။

http://www.dhammadownload.com



၃၆-ပါးယူ၍ သဟဇာတပြိုင်ပါ။

အပ္ပမဇ္ဇတော= ပမဇ္ဇတီတိ ပမဇ္ဇန္တော။ န ပမဇ္ဇန္တော အပ္ပမဇ္ဇန္တော။ (တဿ)

မုနိနော= မုနာတိ ဇာနာတီတိ မုနိ။ မုန-ဉာဏေ၊ ကိယာဒိ နာ၊ က္လ။

(နဲ) မုနတိ ဇာနာတီတိ မုနိ။ မုန-ဂတိယံ၊ ဘူ၊ က္လ။[၁]

(နဲ) မောနံ အဿ အတ္ထီတိ မုနိ။ မောနပုဒ်+ဤ ဖြင့် မောနီ-ဟူလိုလျက် ဩကို ဥပြု၊ ဤကို ရဿပြု၍ မုနိ-ဟု ပြီးသည်။[၂]

ဝါမိကာရော န ဝုဒ္ဓိ (ရူ-၄၁၈) အညေသု စ သုတ်၌ လိုက်လာသော ဝါသဒ္ဒါကြောင့် မု-၌ ဝုဒ္ဓိမပြုရ။

မုနာတိ စသည်စဉ်ပါ၊ ကိယာဒိ မုနဓာတ်သည် အာချာတ်အရာ၌ ဓာတွန်အမြဲကျေသည်။[၃]

(နဲ) အတ္တနော စိတ္တံ မုနာတိ, မဝတိ ဗန္ဓတိ ရာဂဒေါသာဒိဝသံ ဂန္တုံ န ဒေတီတိ-မုနိ။ မူဓာတ်+နာ+က္လ+ ဘူ ကီ-ဗန္ဓနေ။

မဝတိ၊ မုနာတိ စသည်+ ရဿပြုပါ။[၄]

(နဲ) မနုတေ ပရိညာဒိဝသေန သစ္စာနိ ဗုဇ္ဈတီတိ-မုနိ။[၅]

မောနပထေသု= မုနာတိ ဇာနာတီတိ မောနံ။ အရဟတ္တဖိုလ်ဉာဏ်။

ပထီယန္တိ ပဋိပဇ္ဇီယန္တီတိ ပထာ။

(နဲ) ပါထေန္တိ ကာရကံ ပုဂ္ဂလံ ဂမေန္တိ နိဗ္ဗာနံ သမ္ပာပေန္တီတိ ပထာ။

မောနဿ ပထာ မောနပထာ။ တေသု။

ပြိုင်= မောနအရ အရဟတ္တဖိုလ်ဉာဏ်၊ ပထအရ ပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သော မဟာကုသိုလ်, အရဟတ္တမဂ်ကြဉ်သော အပ္ပနာကုသိုလ်ရှိ ဗောဓိပက္ခိယတရား ၃၇-ပါး၊ (နဲ)သိက္ခာ ၃-ပါးကိုယူ၊ ပထအရ တရားက မောနအရတရားအား ပကတူပ။

(နဲ) ပထအရ အရဟတ္တမဂ်ရှိ တရားတို့နှင့် အနန္တရပြိုင်။

မောနပထေသုနှင့် သိက္ခတောတို့ကို သဟဇာတပြိုင်ပါ။

---

၁။ပါစိယော-၅၁၊ ၂။ဓာန်ဋီ-၂၉၉။ ၃။နီတိဓာ-၂၅၁။ ၄။နီတိဓာ-၂၅၄။ ၅။သံဋီ-၂၁၆၃။

http://www.dhammadownload.com



(နဲ) အဓိစေတသောဖြင့် အဓိစိတ္တသိက္ခာ။
အပ္ပမဇ္ဇတောဖြင့် အဓိသီလသိက္ခာ။
မုနိနော မောနပထေသု သိက္ခတော်ဖြင့် အဓိပညာသိက္ခာကို ပြ၏။

(နဲ) မုနိနောဖြင့် အဓိပညာသိက္ခာ။
မောနပထေသု သိက္ခတောဖြင့် လောကုတ္တရာသိက္ခာတို့၏ ပုဗ္ဗဘာဂ ပဋိပဒါ(ရှေ့ပိုင်းအကျင့်)ကို ပြ၏။
သောကာ န ဘဝန္တိ-ဖြင့် ထိုသိက္ခာသုံးပါးတို့နှင့် ပြည့်စုံခြင်း၏ အကျိုးကို ပြ၏။

ပြိုင်။ အပ္ပမဇ္ဇတောအရ အဓိသီလသိက္ခာသည် အဓိစေတသောအရ အဓိစိတ္တသိက္ခာအား ပကတူပ။
အထ ဝါ "အပ္ပမဇ္ဇတော သိက္ခတော"တိ က္ကမေသံ ပဒါနံ ဟေတု အတ္ထတာ ဒဋ္ဌဗ္ဗာ၊ တသ္မာ အပ္ပမဇ္ဇနဟေတု သိက္ခနဟေတု စ အဓိစေတသောတိ အတ္ထော။[၁]

တာဒိနော။ သောဝိယ ဒိဿတီတိ တာဒီ။
ထိုရဟန္တာပုဂ္ဂိုလ်ကဲ့သို့ ရှုအပ်သောပုဂ္ဂိုလ်။

(နဲ) တံ ဝိယ ပဿတီတိ တာဒီ။
ထိုအနိဋ္ဌကို ဣဋ္ဌကဲ့သို့, ထိုဣဋ္ဌကို အနိဋ္ဌကဲ့သို့ ရှုတတ်သော ပုဂ္ဂိုလ်။[၂]

ဥပသန္တဿ။ ရာဂါဒယော ဥပသမေတီတိ ဥပသန္တော။[၃]

ဓမ္မံ ကာယေန ပဿတိ။

ပြိုင်။ ကာယေနအရ မဂ် ၄-ပါးရှိ ပညာသည် ပဿတိအရ ပညာ ကြည့် ကြွင်းမဂ်စိတ္တုပ္ပာဒ်အား သဟဇာတ။ ၄-၂-၄။

(နဲ) ဓမ္မံအရ ဒုက္ခ, သမုဒယသစ္စာသည် ကာယေန ပဿတိအရ မဂ်လေးပါးရှိ ပညာအား အာရမ္မဏ။ (နဲ)ပကတူပ။

၁။သာရတ္ထ-၃၊၄၆။ ၂။ပါစိတ်ဘာဋီ-၁၊၁၈၄။ ၃။ပါစိယော-၅၁။

http://www.dhammadownload.com



(နံ)  ဓမ္မအရ နိရောဓသစ္စာဟူသော နိဗ္ဗာန်သည် ကာယေန ပဿ
တိအရအား အာဝိ။

(နံ)  ကာယေန ပဿတိအရ မဂ်လေးပါးရှိ ပညာသည် ဓမ္မံအရ
မဂ္ဂသစ္စာဟူသော ကြွင်းမဂ္ဂင် ၇-ပါးအား သဟဇာတ။

## ၄။ လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

ထေရော= ထိရတိ သီလာဒိဂုဏေဟီတိ ထေရော။ ထိရ-ဒဠှေ+ဏ။

(နံ)  ထိရတ္တံ ဒဠှံ ဘဝတ္တီတိ ထိရာ။ ထိရ+အ။ သီလက္ခန္ဓာဒိဂုဏာ။
ထိရာ ဧတဿ အတ္ထီတိ ထေရော။ ထိရပုဒ်+ဏ။[၁]

(နံ)  ဌာတိ ပဝတ္တတီတိ ထေရော။
ဌာ-ဂတိနိဝတ္တိယံ၊ ဌရော၊ ဌကို ထပြု၊ ဌကို ဧပြု။[၂]

(နံ)  ဌာ-ဂတိနိဝတ္တိယံ၊ ဌရ၊ ထပြု ဧပြု။[၃]

ပလိတံ=  ပါလ+တ။ ပါလတံ-ဟူလိုလျှက် ရဿပြု၊ ဣလာ။[၄]

(နံ)  ပစ+ဣတ။ ပစိတံ-ဟူလိုလျှက် စကို လပြု။[၃]

(နံ)  ဖလ+ဣတ။ ဖလိတံ-ဟူလိုလျှက် ဖကို ပပြု။(ကောတ္ထုဘာ၊ပန်း)

ပရိပက္ကော= ပရိပစ္စိတိ ပရိပက္ကော။ ပရိ-ပစ+တ။ သုသပစ-သုတ်ဖြင့်စီရင်။

မောဃဇိဏ္ဏော= မုယှတိ သတ္တာ ဧတ္ထာတိ မောဃော။ တုဏ္ဍော။
မုဟ-ဝေစိတ္တေ၊ ဃ။ ဟလောပေါ်[၄]

(နံ)  မုဟ-ဝေစိတ္တေ၊ အ။ သုတ်ကြီးဖြင့် ဟကို ဃပြု။[၂]
မောဃံ ဇိဏ္ဏော မောဃဇိဏ္ဏော။

သစ္စဉ္စ= သစ္စာလေးပါး။ ဓမ္မော= လောကုတ္တရာတရား ၉-ပါးကောက်။

အဟိံသာ=ဟိံသနံ ဟိံသာ။ န ဟိံသာ-သာ။ အပ္ပမညာလေးပါးလုံးကောက်။

သံယမော= သီလသံဝရကောက်။ ဒမော= ဣန္ဒြိယသံဝရကောက်။

---

၁။ပန်းကုံး။ ၂။သူစိ။ ၃။ဓာန်ဋီ-၂၅၄၊၂၅၁။ ၄။မောဂ်-၇၊၈၄၊၃၈။

http://www.dhammadownload.com


ဝန္တမလော- ဝမိယိတ္ထာတိ ဝန္တံ။ ဝမု-ဥဂ္ဂိရနေ၊ ဘူ၊ တ။ စိတ္တာဒိ။
ဝန္တံ မလံ ယေနာတိ ဝန္တမလော။
ဝန္တ၌ အန္တတ်အရ မဂ်ဉာဏ်၊ တဟျတ်အရ ကိလေသာ၊ ပကတူ။

## ၅။ သမ္ဗဟုလဘိက္ခုဝတ္ထု

ဝါက္ကရဏမတ္တေန- ကရိယတိ ကထိယတိ ဥစ္စာရိယတီတိ ကရဏံ။
ဝါစာယေဝ ကရဏံ ဝါက္ကရဏံ။[1]
ဝါစာ+ကရဏံ-ဟူလိုလျှက် စာ၌ အာကိုချေ၊ စကို ကပြု။
(နဲ) တဒမိနာဒိနိ-ဟူသောသုတ်ကြီးဖြင့် စာကိုချေ၊ ကဒွေဘော်ပြု။[2]
ဝါက္ကရဏံ ဧဝ ဝါက္ကရဏမတ္တံ။[3]
(နဲ) ဝါက္ကရဏံ ဧဝ မတ္တံ ဝါက္ကရဏမတ္တံ။[4]
ပြိုင်- ကရဏံ၌ အန္တတ်အရ မဟာကုသိုလ်စိတ္တုပ္ပာဒ်၊ တဟျတ်အရ ဝစီဘေဒစိတ္တဇသဒ္ဒရုပ်၊ သဟဇာတ။ အကြီး-၄၊ ဝိပ်၊ အငယ်-၇။
ဝါစာ+ကရဏံ(ဝါက္ကရဏံ)၌ ရှေ့ပုဒ်အရ စိတ္တဇသဒ္ဒ၊ နောက်ပုဒ်အရ ကြွင်းကလာပ်တူ စိတ္တဇရုပ်များ၊ သဟဇာတ။ ၅။
ဝဏ္ဏပေါက္ခရတာယ- ပေါက္ခရသဒ္ဒါသည် သုန္ဒရတ္ထအနက်၌ ထင်ရှားသော အထင်ရှူဠ်သဒ္ဒါတည်း။
(နဲ) ပေါက္ခရဿ ဘာဝေါ ပေါက္ခရတာ။ ဝဏ္ဏဿ ပေါက္ခရတာ-တာ။ အဆင်း၏ ကောင်းသည်၏အဖြစ်ကြောင့်။
(နဲ) ပေါက္ခရသဒ္ဒါ သရီရအနက်ဟောတည်း။
ပေါသီယတေတိ ပေါက္ခရံ။ ပုသ+ခရ။ သကို က၊ ဥကို ဩပြု။
မွေးမြူအပ်သောကိုယ်။ ဝဏ္ဏဉ္စ ပေါက္ခရဉ္စ ဝဏ္ဏပေါက္ခရာနိ။
ဝဏ္ဏပေါက္ခရာနံ ဘာဝေါ-တာ။ အဆင်းကိုယ်တို့၏ အဖြစ်ကြောင့်။

---

၁။ပါစိယော-၄၇။ ၂။နိရုတ္တိ-၁၇။ ၃။ဂါထာသျှ။ ၄။သီဘာ-၁၊၃၅၄။

http://www.dhammadownload.com



(နဲ) ဝဏ္ဏသမ္ပန္နံ ပေါက္ခရံ ဝဏ္ဏပေါက္ခရံ။ ဝဏ္ဏသမ္ပန္န-ဟူသော ရှေ့ပုဒ်၌ သမ္ပန္နဟူသော နောက်ပုဒ်ကို ချေ။
ဝဏ္ဏပေါက္ခရဿ ဘာဝေါ ဝဏ္ဏပေါက္ခရတာ။[1]
အဆင်းနှင့်ပြည့်စုံသော ကိုယ်၏ အဖြစ်ကြောင့်။

ဣဿုကီ = ဣဿတီတိ ဣဿုကီ။ ဣဿ-ဣဿာယံ၊ ဥကီ။[2]
(နဲ) ဣဿတိတိ ဣဿာ။ ဣဿဓာတ်+အ+အာ။[3]
ဣဿာ အဿ အတ္ထီတိ-ကီ။ ဣဿာပုဒ်+ဥကီ။[4]

မစ္ဆရီ = မစ္ဆရာယတီတိ မစ္ဆရီ။ မစ္ဆရ+ဏီ။
(နဲ) မစ္ဆေရံ အဿ အတ္ထီတိ မစ္ဆရီ။ မစ္ဆေရ+ဤ။

သမ္ပုဋ္ဌိန္နံ =တပစ္စည်းအရ ဣဿာ, မစ္ဆရိယ, လောဘစသော အပြစ်အပေါင်း ဓာတ်အရ အရဟတ္တမဂ်ဉာဏ်၊ ပကတူပ။

ဝန္တဒေါသော = ဝမိယိတ္ထာတိ ဝန္တော။ ဝန္တော ဒေါသော ယေနာတိ-သော။
ဝမုဓာတ်အရ အရဟတ္တမဂ်ဉာဏ်၊ တပစ္စည်းအရ, ဒေါသောအရ ဣဿာ, မစ္ဆရိယ, လောဘစသော အပြစ်များ။

## ၆။ ဟတ္ထကဝတ္ထု

မုဏ္ဍကေန = မညတိ ဟိတာဟိတန္တိ မုဏ္ဍော။ မန+ဍ၊ အကို ဥပြု။[5]
(နဲ) မုဏ္ဍနံ မုဏ္ဍော။မုဏ္ဍ+အ။ (နဲ)မုဍိ+အ။ မုဏ္ဍောယေဝ မုဏ္ဍကော။

အဗ္ဗတော = ဝတံ စ ဝတံ စ ဝတာနိ။ သီလအကျင့် ဓုတင်အကျင့်။
နတ္ထိ ဝတာနိ ယဿာတိ အဗ္ဗတော။

အလိကံ ဘဏံ = ဘဏတီတိ ဘဏန္တော။

ပြိုင် = ဘဏံ၌ အန္တတ်အရ လောဘမူ ဒေါသမူရှိ မုသာဝါဒစေတနာ၊ အလိကံအရ ဝစီဘေဒစိတ္တဇသဒ္ဒ၊ သဟဇာတ။

---

၁။သာရတ္ထ-၂၁၀၀၊ပါရာဘာ-၂၄၅၄။ ၂။မဠ-၁၁၉၄။
၃။ဓာတွတ္ထ။ ၄။မောဂ်-၄၊၁၂၀။ ၅။မောဂ်-၇၊၅၉။

http://www.dhammadownload.com



ကုစ္ဆာလောဘသမာပန္နော= ကုစ္ဆတိတိ ကုစ္ဆာ။ ကုသ+အ+အာ။

(နဲ) ကုစ္ဆန် သေန် ကုစ္ဆာ။ ကုစ္ဆာ စ လောဘော စ-ဘော။

သမာပဇ္ဇတီတိ သမာပန္နော။ ကုစ္ဆာလောဘံ သမာပန္နော-န္နော။

ကုစ္ဆာအရ မရောက်သေးသော အာရုံတို့၌ လိုချင်ခြင်း တဏှာ။

လောဘအရ ရောက်ပြီးရပြီးသောအာရုံတို့၌ တပ်မက်ခြင်း ဥပါဒါန်။

ကုစ္ဆလောဘနှင့် သမာပန္နော-တို့ သဟဇာတပြိုင်ပါ။

သမိတတ္တာ ဟိ ပါပါနံ= သမာပိယိံသူတိ သမိတာ။ (ပါပါ)

သမိတာနံ ဘာဝေါ သမိတတ္တံ။

ငြိမ်းစေအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်။

(နဲ) သမေတီတိ သမိတော။(ယော-သမဏော)

သမိတဿ ဘာဝေါ သမိတတ္တံ။ (တဿ)

ငြိမ်းစေတတ်သည်၏ အဖြစ်ကြောင့်။ (ရှေးသျှ)

မှတ်ချက်။ ဤပုဒ်ကို ရှေးနိဿယ, သပြေကန်နိဿယတို့၌ ကတ္တားဟော ပေးကြ၏၊ ပန်းကုံး၌ ဂါထာဝယ် ကတ္တားဟော, အဖွင့်စကား၌ ကံဟောပေးပြ၏၊ ဤပုဒ်နှင့် အလားတူ "သမိတတ္တာ ဟိ ပါပါနံ, သမဏောတိ ပဝုစ္စတိ"ကို သုတ်မဟာဝါဘာသာဋီကာ (၁၊၂၅၂)၌ ပါပါနံ-တို့၏၊ ဝါ-တို့ကို၊ သမိတတ္တာ-ငြိမ်းစေအပ်ကုန်ပြီး၏ အဖြစ်ကြောင့်၊-ဟု ကံဟောပေး၏။

သတ္တန္နံ ဘိက္ခဝေ ဓမ္မာနံ သမိတတ္တာ သမဏော-ဟူသော (အံ-၂၅၀၈)ပါဠိတော်ကိုလည်း အင်္ဂုတ္တိုရ်နိဿယ၌ ကံအနက် ပင်ပေးတော်မူသည်။ သမိတာတိ သမာပိတာ၊ သမဘာဝံ ဝါ အာပါဒယိတာ၊-ဟု သီဋီသစ်(၂၊၂၁၅)ဖွင့်၏။

http://www.dhammadownload.com

http://www.dhammadownload.com